# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 December 2022 ၁၀၉၄၆


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးမှုကို မြှင့်တင်ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိ

# လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအဆင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းများကို ကြည့်ရှုစဉ်။


ယနေ့ ဖတ်စရာ

အများသိစေရန် ကြေညာခြင်း — စာမျက်နှာ - ၅

မူးယစ်နွယ်ဝင်မှန်သမျှ ရှောင်ရှားကြ — ဆောင်းပါး စာမျက်နှာ - ၆

စားသုံးဆီဖူလုံစေဖို့ နေကြာတိုးချဲ့စိုက်ပျိုးကြပါစို့ — ဆောင်းပါး စာမျက်နှာ - ၁၀





ကြေးမုံ

# အဂတိကင်းစင်သည့် အသိုက်အဝန်းဖန်တီး

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး မိန့်ခွန်းပြောကြားရာ၌ "အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်ပြီး ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သော ကိုယ်ကျင့်တရားထွန်းကားရေး နည်းလမ်းအရပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းသာမက အများပြည်သူနှင့်လည်း သက်ဆိုင်သည့် အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်"ဟု တိုက်တွန်းပြောကြားခဲ့သည်။

အဂတိလိုက်စားမှုသည် လူ့အသိုက်အဝန်းများကြားတွင် အစဉ်အဆက်ဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်ဖြစ်သည်။ အဂတိလိုက်စားမှုသည် လူတစ်ဦးတစ်ယောက် တစ်ဖွဲ့ ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေသည့် အမှုကိစ္စဖြစ်သည့်အပြင် အဂတိလိုက်စားမှု တာရှည်လာခြင်းကြောင့် တိုင်းပြည်အကျိုးစီးပွား ထိခိုက်နစ်နာမှုများဖြစ်လာရပေသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်အကျိုးစီးပွား ယုတ်လျော့စေသည့်ကိစ္စဖြစ်သည့်အတွက် "အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေလေ" ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းပေသည်။ တစ်စုံတစ်ယောက်သည် ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိမိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒအသုံးပြုခြင်း၊ မိမိနှင့်နီးစပ်အဆင်ပြေသူကောင်းစားရေးဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်သည်။ အဂတိလိုက်စားမှုသည် နိုင်ငံတော်ပိုင်၊ အများပြည်သူပိုင် ငွေကြေးပစ္စည်း၊ အခွင့်အရေးများဖြစ်သဖြင့် အဓိကအားဖြင့် လုပ်ပိုင်ခွင့်ရှိသူများသာမက ပါဝင်ဆက်နွယ်သောလူများနှင့်လည်း ပတ်သက်ပေသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာစေပါက အဂတိလိုက်စားမှုမြောက်မည်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ရည်ရွယ်သည်။ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေါင်းစပ်ပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများဖြစ်သည်။ ကောင်းမွန်သည့်အုပ်ချုပ်ရေးကို ပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များသည် အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများမှ လမ်းချော်လွဲမှားသွားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုကို ပြုလုပ်ခြင်းဖြစ်သည်။ အဂတိလိုက်စားမှု လျော့နည်းကျဆင်းရေးကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်ပါက လုံလောက်မှုမရှိပေ။

အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားရန် လိုအပ်ပေမည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် ရေးဆွဲထားသည်။ မြန်မာတို့၏ ဘာသာတရားတွင် မကောင်းမှုတို့ကို အနည်းငယ်မျှပင် မပြုလုပ်မိရန် အသိပေးထားသည်။ မကောင်းမှုတို့ကို အနည်းငယ်မျှ စတင်ပြုလုပ်မိပါက စွဲမြဲသောအလေ့အထဖြစ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အဂတိလိုက်စားမှုသည် ထိုနည်းအတိုင်း မကောင်းမှုဖြစ်၍ စွဲမြဲသွားသောအလေ့အထကို ဖျောက်ဖျက်ပစ်ရန်ခက်ခဲပြီး စတင်ကတည်းက မကောင်းမှုတို့ကို မပြုလုပ်မိစေရန် ကြိုးစားရမည်ဖြစ်သည်။

သို့ဖြစ်ရာ အဂတိကင်းစင်သည့် ယဉ်ကျေးမှု၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း၏ အခြေခံမူသဘောတရားများ ပြန့်ပွားစေရေးအတွက် "ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး" အသိပညာပေးအစီအစဉ်ကို လုပ်ဆောင်နေပြီဖြစ်ရာ အနာဂတ်တွင် ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။




ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်းပရိယတ္တိစာသင်တိုက်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံပထမရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သိရီနော်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လောကအတုလမာန်အောင်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သုဇနာရာမကမ္ဘာအေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဩချစ်ကုန်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရွှေတောင်တန်းပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာ ဗောဓိပရဟိတကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန



က ကြီးမှူးကျင်းပသော (၇၁)ကြိမ်မြောက် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ယမန်နေ့မွန်းတည့် ၁၂ နာရီက (၁)ရပ်ကွက် သာသနာလင်္ကာရကျောင်းကြီးကျောင်းတိုက်ရှိ ကုဏ္ဍလာရာမသာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်သာသနာရေးဦးစီးဌာနတို့က ကြီးကြပ်၍ အဘိဓမ္မာ(ရိုးရိုး) ပထမအဆင့် ၆၉ ဦး၊ ဝိသုဒ္ဓိမဂ် ပထမအဆင့်စာမေးပွဲ ဖြေဆိုသူ နှစ်ဦး စုစုပေါင်း ၇၁ ဦး ဖြေဆိုခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ မဇ္ဈိမလင်္ကာရသာမဏေကျော်စာမေးပွဲ ကျင်းပမည်

**လှည်းကူး ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွားစေရန်အတွက် သာသနာ့အာဇာနည်အရှင်မြတ်များ တိုးပွားစေရန် ရည်ရွယ်၍ လှည်းကူးမြို့ မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာပဓာနနာယကဆရာတော် အဂ္ဂမဟာဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနတက္ကသီလ ဓမ္မာစရိယ B.A,M.A, Ph.D(India) ဒေါက်တာဘဒ္ဒန္တကောဝိဒက စီမံဦးဆောင်၍ မဇ္ဈိမလင်္ကာရသာမဏေကျော် စာမေးပွဲကို ဒီဇင်ဘာ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာနှင့် သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးဗိမာန်တို့တွင် စာဖြေဌာန နှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

မဇ္ဈိမလင်္ကာရ သာမဏေကျော် စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ မြို့နယ် ၇၅ မြို့နယ်၊ ကျောင်းပေါင်း ၁၇၇ ကျောင်းမှ စာဖြေသံဃာ ၁၁၂၉ ပါးနှင့် စာဖြေသီလရှင် ၈၁ ပါး စုစုပေါင်း အပါး ၁၂၁၀ တို့ ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ပထမအဆင့် စာမေးပွဲတွင် ၁၆၅ ပါး၊ ဒုတိယအဆင့် စာမေးပွဲတွင် ၅၈ ပါး၊ တတိယအဆင့် စာမေးပွဲတွင် ၉၈၇ ပါး ဖြေဆိုမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ မှော်ဘီမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ ဝင်ရောက်ဖြေဆိုမည့် စာဖြေသံဃာ၊ သာမဏေ၊ သီလရှင်များက သာသနာ့ရိပ်သာရပ်ကွက်ရှိ နိဗ္ဗာန်ဆိပ်ဦးစာဖြေဌာနတွင် ဖြေဆိုရမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်ဖြေဆိုမည့် စာဖြေသံဃာ၊ သာမဏေ၊ သီလရှင်များက မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရွှေဖုံးမှ

ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခါသမယဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက လူသားအားလုံးအတွက် လူ့အခွင့်အရေးစံများပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီး မကြာမီ ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိကြပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်"** ဟုဖော်ပြပါရှိသကဲ့သို့ လူသားအားလုံးအနေဖြင့် မိမိတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှုမပြုဘဲ တန်းတူညီမျှရှိစေခြင်းတို့သည်လည်း လူ့အခွင့်အရေး၏ အရေးပါသည့် အနှစ်သာရများပင် ဖြစ်ပါကြောင်း။

**အထင်အရှားဖော်ပြပါရှိ**

ထို့ပြင် လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှားဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လိုကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပါရှိသည့် လူ့အခွင့်အရေးစံများကို လေးစားသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဆိုပါစံများကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အခန်းတစ်ခန်းအဖြစ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ"** ကို ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးမှုကို မြှင့်တင်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

- ❖ **လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှားဖော်ပြပါရှိပြီးဖြစ်**
- ❖ **လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လို**

☆ စာမျက်နှာ ၃ မှ


မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဓိကသဘောတူစာချုပ်များ ဖြစ်ကြသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါစာချုပ်များနှင့် ဆက်စပ်နေသည့် နောက်ဆက်တွဲသဘောတူစာချုပ်တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးတွင်လည်း အဓိကကျပါကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အလေးပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

### လူ့အခွင့်အရေးကိုတန်ဖိုးထား

မိမိတို့နိုင်ငံ၏ တိုင်းရင်းသားများသည် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုး၏ ပင်ကိုစရိုက်လက္ခဏာများအရလည်း လူသားအချင်းချင်း လေးစားမှုနှင့် လူ့အခွင့်အရေးကို တန်ဖိုးထားမှုရှိသည့် နိုင်ငံနှင့် လူမျိုးများလည်းဖြစ်ပါကြောင်း၊ လူသားများ၏ကောင်းကျိုးအတွက် လူတို့လိုက်နာအပ်သည့် အကြောင်းတရား၊ အမူအကျင့်၊ အပြောအဆို၊ အနေအထိုင် စသည့်လမ်းညွှန်ဆုံးမစကားများ၊ တစ်နည်းအားဖြင့် နီတိတို့သည်လည်းကောင်း၊ လူမှုရေးရာနှင့် ပတ်သက်သည့် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်အစရှိသည့် ပေါင်းသင်းဆက်ဆံမှု နယ်ပယ်အလိုက် လိုက်နာစောင့်ထိန်းအပ်သည့် ဝတ္တရားများ၊ တစ်နည်းအားဖြင့် ကျင့်ဝတ်တို့သည် လည်းကောင်း၊ လူသားများ၏ကောင်းကျိုးပွားရာ ဆောင်ကြဉ်းအပ်သည့်၊ လိုက်နာအပ်သည့် မင်္ဂလာတရားများဖြစ်သော ၃၈ ဖြာ မင်္ဂလာ၊ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ၊ နေထိုင်ရေးမင်္ဂလာ၊ သင်ကြားရေးမင်္ဂလာ၊ ပြုစုလုပ်ကျွေးရေးမင်္ဂလာ၊ ကူညီဆောင်ရွက်ရေးမင်္ဂလာ၊ ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ၊ စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ၊ သည်းခံခြင်းမင်္ဂလာ၊ မြိုးမြံခြင်းမင်္ဂလာ၊ စိတ်ထားခိုင်မာရေးမင်္ဂလာ စသည့်မြတ်မင်္ဂလာတို့သည် လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် လက်ခံကျင့်သုံးကြသည့် ဓလေ့ထုံးတမ်းဥပဒေအဖြစ် လူအများစုက လက်ခံလိုက်နာလုပ်ဆောင်နေကြသော ကောင်းကျိုးတရားများဆိုသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်ပြည့်မြောက်မည်ဖြစ်သည့်အတွက် ယနေ့ (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့မှစပြီး လာမည့်နှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံးကို လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေး ထင်ဟပ်ဖော်ညွှန်းဂုဏ်ပြုသည့် လှုပ်ရှားဆောင်ရွက်ချက်များဖြင့် လေးစားလိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ Message ကို ဖတ်ကြားစဉ်။

### အပြုသဘောဆောင်သော သဘောထားအမြင်များ

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများနှင့်အတူ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Message ကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar National Human Rights Commission (MNHRC) Application ကို မိတ်ဆက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အားလုံးအတွက် လူ့အခွင့်အရေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

- **နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးတွင်လည်း အဓိကကျ**
- **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

## သထုံမြို့တွင် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် လိုက်လံဖွင့်လှစ်ပေး



**သထုံ ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ယမန်နေ့ မွန်းလွဲပိုင်းက သထုံမြို့ရှိ အမက(စိန်ကုန်း)နှင့် အမက(ရှမ်းစု) အခြေခံပညာ မူလတန်းကျောင်းတို့၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် လိုက်လံဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကိုအကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် စသည့်အသိပညာပေး နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများအား (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေးနှင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ဗိုလ်ရှုခံတွင် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စား တက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ သက်ဆိုင်ရာအခမ်းအနားများအလိုက် (၂၀-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားဖိတ်ကြားရေးဆပ်ကော်မတီ (ပြည်ထဲရေးဝန်ကြီးဌာန)**
ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅ )၊ (၀၆၇-၃၄၁၂၇၁၆)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**
ဖုန်းနံပါတ် (၀၆၇-၃၄၀၈၄၃၆)၊ (၀၉-၄၅၅၉၅၅၁၁၀)၊ (၀၉- ၂၀၃၅၅၀၂)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)**
ဖုန်းနံပါတ် (၀၆၇-၃၄၁၂၀၅၄)၊ (၀၆၇-၃၄၁၂၆၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U - 18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တက်ရောက် ကြည့်ရှုအားပေး





**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ ဘောလုံးအားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်(အမျိုးသမီး) ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ **၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U – 18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ** အုပ်စုရှုံးထွက်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ် (၃)တို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော Jeng Phang နော်တောင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဇနီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူး ချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

U–18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုရှုံးထွက်ပွဲစဉ်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရခဲ့ကြသည်။ ဒီဇင်ဘာ ၁၁ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ U–18 (အမျိုးသမီး)ဘောလုံး ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ် (၇) ရန်ကုန်မှ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ RBE ရထားစီးနင်းလိုက်ပါ၍ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် အဆင့်မြှင့်တင်ဆောင်ရွက်မှုကို စစ်ဆေးသည်။

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းဘူတာများ အဆင့်မြှင့်တင် ဆောင်ရွက်မည့် အခြေအနေများ၊ မြို့ပတ်ရထားများ ပြေးဆွဲရာတွင် အန္တရာယ်ကင်းစွာဖြင့် အရှိန်မြှင့်တင် ပြေးဆွဲနိုင်ရေးအတွက် ခြံစည်းရိုး အကာအရံ ဆောင်ရွက်နေမှု၊ လူကူးခုံး ကျော်တံတားများ အဆင့်မြှင့်တင် ပြုပြင်နေမှု၊ ရထားလမ်းပိုင်းအတွင်း အဆင့်မြှင့် အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ရထားလမ်းတစ်လျှောက် လမ်းပိုင်းပြုပြင် ထိန်းသိမ်းဆောင်ရွက်နေမှုကို စစ်ဆေးသည်။

ထို့သို့ စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ Diesel Electric Multiple Unit (DEMU) ရထားများ ရောက်ရှိချိန်တွင် လမ်းပိုင်းအတွင်း ကီလိုမီတာ ၆၀ နှုန်းဖြင့် တိုးမြှင့်ပြေးဆွဲရန် စီစဉ်ထားသဖြင့် ရထားလမ်း ပြုပြင်ထိန်းသိမ်းရာ၌ Maintenance Manual အတိုင်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်၊ အချို့ဘူတာများတွင် Transit Oriented Development (TOD) စနစ် အသုံးပြုနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်၊ DEMU ရထားများ ပြေးဆွဲပါက ခရီးသွားများ အဆင်ပြေစေရေးအတွက် ဘူတာ ပလက်ဖောင်းများကို Level မြှင့်တင်ဆောင်ရွက်ရန်နှင့် ရထားလမ်းလုံခြုံအန္တရာယ်ကင်းရှင်းရေးအတွက် ခြံစည်းရိုးများ နှစ်အလိုက် ဦးစားပေးကာရံသွားရန်တို့ကို မှာကြားသည်။



ထို့ပြင် လက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် ရထားတွဲများ သန့်ရှင်း သပ်ရပ်စေရေး၊ ရထားလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ပန်းအလှပင်များ စိုက်ပျိုးသွားရေးနှင့် ရထားလမ်းဘေး၌ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုမရှိစေရေး သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်နွယ်ဝင်မှုန်သမျှ ရှောင်ရှားကြ

**တင်ထက်ထက်ဇော်**




အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

မူးယစ်ဆေးဝါးဆိုသည်မှာ လူသားများ၏ ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံး ပစ္စည်းဖြစ်သည်။ တစ်နည်းဆိုသော် လူ့ဘဝတိုးတက်မှု အရာမှန်သမျှကို အောက်ဆုံးအထိ နိမ့်ကျစေသော အန္တရာယ်ပေးနိုင်သည့်ပစ္စည်းကို "မူးယစ်ဆေးဝါး"ဟုခေါ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး မသုံးစွဲကြရေး ဥပဒေအသီးသီးပြဋ္ဌာန်းပြီး အရေးယူလျက်ရှိသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က ဥပဒေသစ်ပြဋ္ဌာန်းပြီး စီမံချက် (၃) ရပ် ချမှတ်ခဲ့ပါသည်။ အဆိုပါ စီမံချက်ပါ အကြောင်းအရာများမှာ (၁) ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ (၂) မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနှင့် (၃) မူးယစ်ဆေးဝါး ရောင်းဝယ်မှုပပျောက်ရေးတို့ဖြစ်ကြပြီး ယင်းစီမံချက်များနှင့်အညီ နိုင်ငံတော်က အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်။

ထို့ပြင် နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ရောက်တိုင်း မြန်မာနိုင်ငံ၌ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိသော ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဆေးခြောက် စသည့် မူးယစ်ဆေးဝါးများနှင့်အတူ ၎င်းမူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၅၀ ကျော်တို့ကိုလည်း နိုင်ငံတော်က နိုင်ငံခြားသံရုံးများကိုပါ ဖိတ်ကြားပြီး အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးလေ့ရှိသည်။ သို့သော် ခေတ်အဆက်ဆက် ယနေ့ထိတိုင် မတွေ့ချင်မမြင်ချင်ဆုံးအရာမှာ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားသုံးစွဲမှု၊ ရောင်းဝယ်မှုများ ရှင်သန်ကြီးထွားနေဆဲဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင်မဖြစ်ပွားခင် ၂၀၁၉ ခုနှစ် ထုတ်ပြန်ချက်သတင်းများအရ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၂၀၀ ကျော်သည် မူးယစ်ဆေးသုံးစွဲလျက်ရှိကြောင်း ကြောက်ခမန်းလိလိ သိရသည်။ အနာဂတ်ကမ္ဘာအတွက် ရင်လေးစရာဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသည်မှာ တစ်ကြိမ်သုံးမိရုံမျှဖြင့် စွဲလမ်းသွားကာ ဖြတ်တောက်ရန် လွန်စွာခက်ခဲသည်။ အိမ်တစ်အိမ် သို့မဟုတ် မိသားစုတစ်စုတွင် မူးယစ်ဆေးစွဲသူတစ်ဦးရှိနေလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲရသည့်အပြင် စီးပွားရေး နာလန်မထူနိုင်တော့ဘဲ ချွတ်ခြုံကျကြရသည်။ ဖော်ပြပါ ၂၀၁၉ ခုနှစ်နောက်ပိုင်း ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ ခုနှစ် စသည့် သုံးနှစ်တာကာလအတွင်း မူးယစ်ဆေးသုံးစွဲနှုန်းကို စစ်တမ်းကောက်ယူကြည့်မည်ဆိုပါက ဆေးစွဲလူဦးရေသန်းပေါင်း အဆမတန် တိုးပွားနေမည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါသည်။

မူးယစ်ဆေး၏သဘောသဘာဝသည် ပစ္စည်းပမာဏနည်းနည်းဖြင့် အမြတ်များများရသော ရောင်းကုန်တစ်မျိုးဖြစ်သည်။ သို့ကြောင့်ပင် မိစ္ဆာအာဇီဝဖြင့် စီးပွားရှာသူများက လက်မလွှတ်နိုင်ကြဘဲ တရားမဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရောင်းဝယ်နေကြဆဲဖြစ်သည်။ ယင်းအကျိုးဆက်အဖြစ် ယနေ့ကမ္ဘာတွင် စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအမျိုးမျိုး မပျောက်ကွယ်နိုင်ဘဲဖြစ်နေသည်။ ဆေးပညာရှုထောင့်အရ ဘိန်းမှတစ်ဆင့် "မော်ဖင်း"ကို ဆေးအဖြစ် ထုတ်လုပ်သုံးစွဲသည်။ ဥပမာ စစ်မြေပြင်တွင် သေနတ် သို့မဟုတ် ဗုံးဆန်ထိသောအခါ လူနာကို ခံစားရသက်သာစေပြီး မှိန်းနေစေရန်အတွက် မော်ဖင်းထိုးသွင်းပေးရသည်။ တချို့ကင်ဆာရောဂါ နောက်ဆုံးအဆင့် လူနာများအတွက်ကိုလည်း လိုအပ်လျှင် မော်ဖင်းထိုးနှံပေးရသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများရှိနေသမျှ ကာလပတ်လုံး ဆေးဝါးကုထုံးအရ အသုံးချရန်အတွက် မူးယစ်က ရှိနေရမည်ဖြစ်ပေသည်။ သို့သော် တလွဲသုံးနေကြပြီး မူးယစ်ဆေးဝါးများ သုံးစွဲမှု၊ ရောင်းချမှုတို့ဖြင့် မူးယစ်သံသရာဖြစ်နေရာ နိုင်ငံအသီးသီးက ဥပဒေများပြဋ္ဌာန်းပြီး ထိန်းချုပ်နေရခြင်းဖြစ်သည်။

**ရှောင်ရှားနိုင်သော နည်းလမ်းကောင်းများ**

"မူးယစ်အစ ဆေးလိပ်က"ဖြစ်၍ ဆေးလိပ်၊ ဆေးရွက်ကြီးအမျိုးမျိုးနှင့် ကွမ်းယာတို့ကို အစလုပ်ပြီး မသုံးမိကြဖို့ အထူးအရေးကြီးပါသည်။ စိတ်ခံတတ်မခိုင်မာသူ၊ စိတ်မနိုင်သူများက မူးယစ်ဆေးဝါးများကို သုံးမိတတ်ကြသည်။ မကောင်းမှန်းသိလျက်နှင့် လက်တည့်စမ်းလိုခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း (ဥပမာ ငါကတော့ တခြားသူတွေလို မဟုတ်ဘူး၊ ငါ ဆေးမစွဲနိုင်ဘူး၊ ငါ စိတ်မာတယ်)ဟု တလွဲဆံပင်ကောင်းကာ စမ်းသုံးကြည့်မိတတ်သည်။

လူငယ်များ အားကစားတစ်ခုခုကို ပုံမှန်လုပ်သင့်ပါသည်။ ကျောင်းစာအပြင် အကျိုးပြုပြင်ပစာများကိုလည်း လေ့လာဖတ်ရှုသင့်သည်။ ဝါသနာတူ သူငယ်ချင်းများနှင့် အားကစားလုပ်ခြင်း၊ ရပ်ရွာအကျိုးအတွက် ပရဟိတလုပ်ခြင်း သို့မဟုတ် ဘာသာရေးကိုလည်း မမေ့မလျော့လုပ်ခြင်း၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်များတွင် ပိုက်ဆံမပေးရဘဲ စာအုပ်ငှားဖတ်ခြင်း စသည်ဖြင့် လုပ်ဆောင်မည်ဆိုပါက မူးယစ်စိတ်ကြွဆေးများကို ရှောင်ရှားနိုင်ပါလိမ့်မည်။ ဆိုလိုသည်မှာ မူးယစ်ဆေးသုံးသူများက စာကြည့်တိုက်မသွားတတ်ပေ၊ သွားလေ့သွားထမရှိပေ။ အားကစားကိုလည်း မလိုက်စားတတ်ကြပေ။ ထိုအခါ မိမိနှင့် ယင်းတို့သည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေပြီး ဆေးသုံးသူများနှင့် ဆုံစည်းနိုင်စရာအကြောင်းမရှိတော့ပေ။

**မူးယစ်သားကောင်များအတွက်**
**အကြံပြုချက်**

လူဆိုသည်မှာ မှားတတ်သည့်အမျိုးဖြစ်ပါသည် (သို့မဟုတ်) အမှားမကင်းပေ။ သို့သော် ထိုအမှားကို တစ်သက်တာလုံး ထမ်းပိုးထွေးပိုက်ပြီး သယ်သွားစရာမလိုအပ်ပေ။ "မှား၊ မှားမှန်းသိ လူတော်ဖြစ်၏။ မကောင်း၊ မကောင်းမှန်းသိ လူကောင်းဖြစ်၏။ မကောင်းလျက်ပင် ကောင်းသည်ထင် မကောင်းမြဲ မကောင်းမည်ပင်" ဆိုသည့် ဆုံးမစကားအတိုင်း မကောင်းသောအရာမှန်သမျှကို ဖြတ်တောက်ရပါမည်။ မည်သူမျှ မွေးကတည်းက ဆေးမသုံးတတ်ကြပေ။ မည်သည့်ကျောင်း၊ မည်သည့်စာပေများကမှလည်း ဆေးသုံးစွဲရန် သင်ပြရိုးထုံးစံ အလျှင်းမရှိပေ။ မိမိအမှားကို မိမိကိုယ်တိုင် ချေဖျက်ရပါမည်။ အမှန်တကယ် ပြတ်ချင်စိတ်လည်းရှိရပါမည်။

မိဘ၊ အုပ်ထိန်းသူများကလည်း ပြန်လည်ထူထောင်ရေးပိုင်းမှာ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ဖြင့် ကူညီအားပေးဖို့လိုပါသည်။ ကာယကံရှင်ဘက်ကလည်း ကိုယ့်ကို မိသားစုများ၊ လူအများယုံကြည်လာအောင် နေပြနိုင်ရပါမည်။ အဓိကအချက်မှာ မိမိကိုယ်တိုင်က စိတ်ပြတ်သားဖို့လိုပါသည်။ လူ့ဘဝရခဲလှပါသည်။ လူ့ဘဝ၊ လူဖြစ်ရတုန်းခဏတွင် မူးယစ်သားကောင်ဖြစ်နေပါလျှင် မည်သည့်နည်းနှင့်မျှ ကံငါးပါးမလုံတော့ပေ။ တစ်သံသရာလုံးမှောက်တတ်သည်။

မူးယစ်ဆေးဖြတ်ထားပြီးလျှင်လည်း ယခင်က ဆေးသုံးဖော်၊ ဆေးဝယ်ဖူးသူများကို ဝေးဝေးကရှောင်ပါ။ ပြတ်ပြတ်သားသား လမ်းခွဲပါ။ မိမိကိုယ်ကို တကယ်ချစ်ပါ။ မိသားစုကိုချစ်ပါ။ မိမိအတွက်ကြောင့် မိသားစုကို ဝန်ထုပ်ဝန်ပိုးမဖြစ်ပါစေနှင့်။ မိသားစုအပေါ်တွင် တာဝန်သိစိတ်၊ တာဝန်ယူချင်စိတ်ရှိပါ။

**အရက်၊ ကွမ်း၊ ဆေးလိပ်**
**ဆိုးကျိုးအမျိုးမျိုး**

အရက်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကုသရန်ခက်ခဲသည့် ကင်ဆာရောဂါများ ဖြစ်လာနိုင်ပါသည်။ အထူးသဖြင့် ခံတွင်းကင်ဆာ၊ အစာရေမျိုကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာများဖြစ်စေသည်။ ထို့ပြင် ခြေပုပ်လက်ပုပ်ရောဂါ၊ မျက်စိရောဂါ၊ ပန်းသေပန်းညှိုးရောဂါတို့ ဖြစ်တတ်သည်။ ဆေးလိပ်သောက်၍ထွက်ရှိလာသော နီကိုတင်းအဆိပ်က ပတ်ဝန်းကျင်မှ လူများကို second smoker အဖြစ် ဆေးလိပ်ငွေ့အန္တရာယ်ဖြစ်စေပါသည်။ ကိုယ်ဝန်ဆောင်ဗိုက်ထဲက သန္ဓေသားအတွက် third smoker အဖြစ် ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲ မီးဖွားခြင်း၊ အင်္ဂါမစုံသောကလေးမွေးခြင်းတို့ဖြစ်တတ်သည်။

ထို့ပြင် e cigarette ကလည်း ဆေးလိပ်သောက်ခြင်း တစ်မျိုးဖြစ်သည်။ e cigarette သောက်၍ ဆေးလိပ်မပြတ်ပေ။ ၎င်းထဲတွင်ပါသော ဂက်စ်အရည်က အခန့်မသင့်လျှင် ပေါက်ကွဲပြီး လူကိုဘေးဖြစ်စေသည်။ ယနေ့ခေတ်တွင် ဈေးအပေါဆုံး ဆေးလိပ်ဘူး တစ်ဘူး၏ တန်ဖိုးသည် ကြက်ဥ အလုံးကြီးကြီး ငါးလုံးနှင့် ညီမျှပါသည်။ ဆေးလိပ်သောက်ခြင်းသည် ကြက်ဥများကို အလဟဿ ပစ်ပေါက်ခွဲနေသည်သာဖြစ်ကြောင်း စိုးစဉ်းမျှ ယုံမှားသံသယဖြစ်ဖွယ်မဟုတ်ပေ။ တစ်နည်းဆိုရလျှင် ပိုက်ဆံကိုမီးရှို့နေခြင်းဖြစ်သည်။ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းကြောင့် ကုန်ကျစရိတ်ကို မိသားစုနှင့်အတူ အဆာပြေ ကြက်ဥပြုတ်စားကြမည်ဆိုပါက ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်ပါသည်။

သို့ပါ၍ စိတ်ကိုပြောင်းလဲစေတတ်သော၊ လူကိုဘေးဖြစ်စေတတ်သော၊ လူညွှန့်တုံးစေတတ်သော၊ လူမျိုးတုံးစေတတ်သော မူးယစ်နွယ်ဝင်မှုန်သမျှကို ရှောင်ရှားကြပါ၊ ရှောင်ရှားနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**"ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင်မဖြစ်ပွားခင် ၂၀၁၉ ခုနှစ် ထုတ်ပြန်ချက်သတင်းများအရ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၂၀၀ ကျော်သည် မူးယစ်ဆေးသုံးစွဲလျက်ရှိကြောင်း ကြောက်ခမန်းလိလိ သိရသည်။ အနာဂတ်ကမ္ဘာအတွက် ရင်လေးစရာဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသည်မှာ တစ်ကြိမ်သုံးမိရုံမျှဖြင့် စွဲလမ်းသွားကာ ဖြတ်တောက်ရန် လွန်စွာခက်ခဲသည်။ အိမ်တစ်အိမ် သို့မဟုတ် မိသားစုတစ်စုတွင် မူးယစ်ဆေးစွဲသူတစ်ဦး ရှိနေလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲရသည့်အပြင် စီးပွားရေးနာလန်မထူနိုင်တော့ဘဲ ချွတ်ခြုံကျကြရသည်။ ဖော်ပြပါ ၂၀၁၉ ခုနှစ်နောက်ပိုင်း ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ ခုနှစ် စသည့် သုံးနှစ်တာကာလအတွင်း မူးယစ်ဆေးသုံးစွဲနှုန်းကို စစ်တမ်းကောက်ယူကြည့်မည်ဆိုပါက ဆေးစွဲလူဦးရေသန်းပေါင်း အဆမတန်တိုးပွားနေမည် ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထား"**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ ကျင်းပသည်။



တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ပထမဦးစွာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို မိတ်ဆက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသောရည်မှန်းချက်လည်း အပါအဝင်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်မှသာ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အချင်းချင်း စည်းလုံးညီညွတ်စွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ ယှဉ်ပြိုင်သည့် အားကစားနည်း အောင်မြင်မှုရရှိစေရန် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ဖြူစင်သန့်ရှင်းစွာ ကြိုးစားယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ ပြိုင်ပွဲအောင်နိုင်ရေးအတွက် အားကစားသမားတစ်ဦးချင်းက ကျန်းမာရေးကို ဂရုပြုရန်လိုကြောင်း၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနဂုဏ်ကို မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် ပြိုင်ပွဲများကတစ်ဆင့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားအဆင့်မှသည် နိုင်ငံ့ကိုယ်စားပြု အားကစားသမားကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို အကြိုလေ့ကျင့်နေသည့်ကာလနှင့် ပြိုင်ပွဲကာလအတွင်း အင်အားပြည့်အစားအစာများ ကျွေးမွေးနိုင်ရန်နှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ အပြေးနှင့် ထုပ်ဆီးတိုး စသော အားကစားနည်း (၇)မျိုးသို့ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း အားကစားသမား ၁၀၈ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း (၃)နှစ်ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်ကို ဂုဏ်ပြုသောအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရည်ရွယ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းထုတ်လုပ်မှု သုံးနှစ်ပြည့်အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းဝင်းအတွင်းရှိ Myanmar Sport Hotel တွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်ဂုဏ်ပြုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးကြီး Dr. Zheng Zhihong နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ သံမှူးကြီး Dr. Zheng Zhihong နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော်အသင်း၏ ဦးဆောင်နာယက၊ သံအမတ်ကြီး(ငြိမ်း) ဦးစိန်ဝင်းအောင်တို့က ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာစာပေများ ရေးသားခဲ့သော ပုဂ္ဂိုလ်များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအေးမင်းနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးစိုးရဲနိုင်စိုးကို လည်းကောင်း၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း နာယက ဦးတင်ဆန်းက မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဗဟိုဥက္ကဋ္ဌ သံအမတ်ကြီး(ငြိမ်း)ဦးစိန်ဝင်းအောင်နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း Senior President ဦးသစ္စာ(Mr. Li Bo Bo)တို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။




ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းစာမူရှင်ဦးမျိုးထွန်း (မောင်စိမ်းနောင်လယ်ဝေး) နှင့် စာမူရှင် ဦးလှိုင်ဝင်း (မြင့်ဝေလှိုင်) ကို လည်းကောင်း ဆုများချီးမြှင့်သည်။ ယင်းနောက် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း စာမူရှင် ဒေါက်တာ အောင်မြင့်ဦးနှင့် စုသက်မှူး (မရမ်းကုန်း)၊ ဆွေမျိုးပေါက်ဖော်စာမူရှင် ဦးကောင်းစံလင်း (ဆူးလေ)၊ ဦးသန်းထိုက်စိုး( သန့်မောင်)နှင့် ဦးလွင်မင်းဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း၏ စာဖတ်ပရိသတ်တစ်ဦးက ၎င်း၏ စာပေအမြင်ကို ရှင်းလင်းပြောကြားရာ အယ်ဒီတာချုပ် ဦးစိုးရဲနိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် တူယှဉ်နွဲပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်တို့နှင့်အတူ ယမန်နေ့ ညနေပိုင်းတွင်





(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုတွင် ကျင်းပပြုလုပ်သည့် တူယှဉ်နွဲပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ၏ ပွဲစဉ်(၁၅) ကို တက်ရောက်ကြည့်ရှုပြီး ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံတွင် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ကြိုးစားဆောင်ရွက်ရေး၊ သတ်ပုံသတ်ညွှန်းကအစ မမှားယွင်းအောင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့်အတည်ပြုပုံနှိပ်ရေး၊ လုပ်ငန်းတွင် အန္တရာယ်မရှိစေရေးနှင့် လျှပ်စစ်မီးမှအစ မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကို ဆောင်ရွက်ထားရှိရေးနှင့် လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းနှင့်အညီ နေထိုင်တာဝန်ထမ်းဆောင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ဆိပ်ခံဖောတံတားတည်ဆောက်နေမှုနှင့် ပြည်ထောင်စုခန်းမပြန်လည်ပြုပြင်ထားရှိမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ဆိပ်ခံဖောတံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ Steel Bridge တပ်ဆင်ခြင်းလုပ်ငန်း၊ ပိုင်တူးဖော်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် ဆိပ်ခံဖောတံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်ပတ်သက်ပြီး ဆိပ်ခံဖောတံတားကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် Regel Strength ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးပြည့်စုံဖြိုးက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆိပ်ခံဖောတံတားကြီးတစ်ခုလုံး ရေရှည်ကြံ့ခိုင်မှုရှိစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ၂၀၂၃ ခုနှစ်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာငွေကျပ် ၁၆၄ သိန်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ပြည်ထောင်စုခန်းမအတွင်းအပြင်ဆေးသုတ်ခြင်း၊ စတိတ်စင်ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများပြုပြင်ခြင်းနှင့် ကော်ဇောအသစ် ပြန်လည်ခင်းကျင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) တာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတွင် Pontoon ပြုပြင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများအမြန်ပြီးမြောက်စေရေးနှင့် အကောင်းမွန်ဆုံးဖြစ်အောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်းရှိ တိုင်းရင်းသားရိုးရာနေအိမ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဇာတ်လမ်းတွဲဖြစ်သည့် "မိုးမြေသက်သေ... တို့သွေးချင်းတွေ" ဇာတ်လမ်းတွဲစီစဉ်သူ သင်ဇာမြင့်မိုရ်နှင့် ဒါရိုက်တာ ကိုကိုကျော် ဦးဆောင်ရိုက်ကူးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ မွန်ပြည်နယ်တွင်ကျင်းပ




**မော်လမြိုင် ဒီဇင်ဘာ ၁၀**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထု ကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ်တွင် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁,၂၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲစုရပ်ဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှ အလယ်လမ်း၊ ထားဝယ်တံတားလမ်းမှတစ်ဆင့် ကမ်းနားလမ်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကမ်းနားလမ်း၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်အဖွဲ့သည် မော်လမြိုင်ကန်းတောင်ဂေါက်ကွင်းသို့သွားရောက်ပြီး (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၁၀**

တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလကို လူထုလှုပ်ရှားအားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့တွင်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။



စုပေါင်းလမ်းလျှောက်ပွဲကို ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း ကိုးသိန်းအားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအပါအဝင် အင်အား ၂,၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား၊ ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။ ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသား အမျိုးသမီး မီတာ ၈၀၀ နှင့် မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀x၄)လက်ဆင့်ကမ်းပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ဌာဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က လည်းကောင်း၊ အမျိုးသား အမျိုးသမီး မီတာ (၄၀၀x၄)လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ကျောင်းကုန်းမြို့နယ်အသင်းအား ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားတံခွန်စိုက်ဆုနှင့် အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသော ပုသိမ်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဒုတိယအပတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက မြစ်ကြီးနားမြို့၌ ကျင်းပသည်။

**တပျော်တပါး စုပေါင်းလမ်းလျှောက်**

လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပြည်နယ်ပြည်သူ့အားကစားကွင်းရှေ့စုရပ်မှစတင် တာလွှတ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ အား/ကာတိုက်တန်းလမ်းမှ ရုံးကြီးလမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် သခင်နက်ဖေလမ်းအတိုင်း ပြည်သူ့အားကစားကွင်းအတွင်းသို့ ဝင်ရောက်ကာ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်အတွင်း အစိုးရသစ်ပုံသွားလမ်း အရှည် ပေ ၁၂၃၀ ကျောက်ခင်းလမ်းကို ကတ္တရာခင်းပေးနိုင်ရေး၊ ဇုံနယ်နှစ်ခြင်းသာသနာကျောင်းဝင်းအတွင်း အရှည် ၁၅၃၅ ပေရှိ ကျောင်းဝင်းပတ်လမ်းကို ကတ္တရာခင်းခြင်းနှင့် လမ်းသားဖောက်လုပ်ပေးနိုင်ရေးနှင့် စီတာပူရပ်ကွက်အတွင်း အခြေခံပညာ အထက်တန်းကျောင်းနှင့် နှစ်ခြင်းအသင်းတော်ကျောင်းသွား လမ်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပန်းလောင်းလမ်း အရှည် ၇၇၇ ပေ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပန်းမြို့တော်ဖြစ်လာစေရေး**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားတက္ကသိုလ်ဝင်း သန့်ရှင်းသာယာလှပပြီး ပန်းပင်များဖြင့် ဝေဆာစိမ်းလန်းစိုပြည်စေရေး မိန်းလမ်းမတစ်လျှောက် လမ်းလယ်ကျွန်းများတွင် ရောင်စုံစက္ကူပန်းပင်များ စိုက်ပျိုးထားရှိမှု၊ ပန်းများပွင့်လမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြစ်ကြီးနားမြို့ကို အစဉ်တစိုက်သန့်ရှင်းသာယာပြီး ပန်းမြို့တော်ဖြစ်လာစေရေး တွေးတောကြံဆ၍ မြို့၏အဓိကနေရာများနှင့် လမ်းကြားများပါမကျန် အပိုင်းလိုက် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းလူရွေးပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၁၀**

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းလူရွေးပွဲကို ယနေ့ နံနက် ၇ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယခုကဲ့သို့ ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ခရိုင်များမှ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်းစသည့်အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေး၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှု ရရှိကာ ကျန်းမာပြီးကြံ့ခိုင်သော လူငယ်များအဖြစ် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍတိုးတက်လာစေပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် လက်ရွေးစင် အားကစားသမားများကိုရွေးချယ်ပြီး ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ် အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီးမီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးမီတာ ၄၀၀ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသနှင့်ခရိုင်များ၊ မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းလူရွေးပွဲနှင့်ပြိုင်ပွဲဝင် အသင်း ၁၅ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မုံရွာစီးပွားရေးတက္ကသိုလ်ဝန်ထမ်းမိသားစု မိတ်ဆုံစားပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက စုရပ်နေရာဖြစ်သည့် မုံရွာမြို့ ပြည်သူ့ အားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းမှစတင်၍ ကန်သာယာ ရာပြည့်ကပ်ကျော်စေတီတော်အထိ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နေပြည်သူများ၊ အားကစားကို ချစ်မြတ်နိုးသူများ စုစုပေါင်း အင်အား ၃၅၀၀ ကျော်ဖြင့် အသွားအပြန် တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိဘက်စုံသုံးခန်းမတွင် ကျင်းပသော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မုံရွာစီးပွားရေးတက္ကသိုလ် ဝန်ထမ်းမိသားစုများနှင့် မိတ်ဆုံစားပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပါမောက္ခချုပ် ဒေါက်တာသီတာကြူက မိတ်ဆုံစားပွဲအခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ် ဒေါက်တာသီတာကြူထံငွေကျပ် ၁၀ သိန်းအား ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့်နေ့လယ်စာများ တပျော်တပါး အတူစားသုံးကာ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အထက (ပန်းတောင်း) ကျောင်းအစည်းဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူက အဖွင့်အမှာစကားပြောကြား၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်အား ပြောကြားခဲ့ပြီး Moderator အဖြစ် ဆောင်ရွက်သည်။ ထို့နောက် Grade–11 ကျောင်းသား ကျောင်းသူငါးဦးက ဆွေးနွေး ခဲ့ရာ Grade–11 ကျောင်းသူ မသော်တာအေးချမ်းက ယနေ့လူငယ်များ အတွက် အချိန်၏အရေးပါမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade–11 ကျောင်းသူ မဖြိုးဝသန်က လူငယ်နှင့် အခွင့်အလမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade–11 ကျောင်းသား မောင်လွင်ကိုထက်က လူငယ်နှင့် အပြစ်ခေါင်းစဉ်ဖြင့်လည်းကောင်း Grade–11 ကျောင်းသား မောင်ပြည့်စုံဖြိုးက လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ Grade–11 ကျောင်းသား မောင်အောင်မျိုးဇင်က လူငယ်နှင့် ဆေးလိပ်အန္တရာယ်ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ဆေးလိပ်ဖြတ်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ၊ ဆေးလိပ်ကြောင့်ဖြစ်တတ်သော ဘေးအန္တရာယ်ဆိုးကျိုးများ၊ မြန်မာနိုင်ငံ၏အနာဂတ်လူငယ်များအနေဖြင့် မူးယစ်စေတတ်သောအရာများကို ရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားသုံးဆီဖူလုံစေဖို့ နေကြာတိုးချဲ့စိုက်ပျိုးကြပါစို့

မျိုးမြတ်မိုး (MANA)



မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာမှုနှင့်အတူ ခေတ်နှင့်အညီပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန် အမျိုးမျိုးအနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စားသုံးဆီကို စတင်တင်သွင်းခွင့်ပြုသည့်အချိန်မှစ၍ နှစ်စဉ် လျော့နည်းသွားခြင်းမရှိဘဲ ယနေ့ကာလအထိ တိုးမြှင့်တင်သွင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းလာသော အရည်အသွေးစစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ စစ်ဆေးမှုတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင်ဝင်ရောက်လာသော စားသုံးဆီများလည်းရှိနေရာ အလွန်သတိပြုရမည့် အခြေအနေဖြစ်သည်။ တရားမဝင်ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စ်များနှင့် ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝ အာဖလာတော့ဆင်မှိုဆိပ်များ ပါရှိနေနိုင်သည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့် အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့် ကုသရန်ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်သည်။

## စားသုံးဆီတင်သွင်းမှု

စားသုံးဆီ တစ်ဂရမ်ကို စားပြီးတိုင်း အင်အားဓာတ်စွမ်းအင် ကိုးကယ်လိုရီ ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရသည်။ စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့် ပမာဏထက်ပို၍ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန် တိုးလာနိုင်သည်နှင့် အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့်နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်သည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသော စားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနိုလာဆီတို့ကိုမူ အနည်းငယ်သာ အသုံးပြုကြရာ အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ တစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများ ကင်းဝေးကာ လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချွေတာနိုင်ခြင်းကြောင့် အခြားပြည်တွင်း လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိသည်။ စားသုံးဆီသည် ဆန်စပါးပြီးလျှင် ဒုတိယအရေးကြီးသော အခြေခံစားကုန် ဖြစ်သည်နှင့်အညီ ဆီဖူလုံရေးသည်လည်း အရေးပါလျက်ရှိသည်။ လူတစ်ဦးလျှင် တစ်နှစ်ဆီခြောက်ပိဿာခန့် စားသုံးသင့်သော်လည်း ၎င်းထက်ပိုမိုစားသုံးနေ၍ တစ်နှစ်လျှင် စားအုန်းဆီတန်ချိန် ကိုးသိန်းခန့် တင်သွင်းရပြီး နိုင်ငံခြားငွေ ဒေါ်လာသန်း ၈၀၀ ကျော် သုံးစွဲရလျက်ရှိကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ ဆီထွက်သီးနှံမှရရှိသည့် စားသုံးဆီဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည့်အပြင် စားအုန်းဆီဈေးနှုန်းများသည်လည်း တစ်နေ့ထက်တစ်နေ့ မြင့်မားလျက်ရှိကြောင်း တွေ့ရသည်။ ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံသည်လည်း ဆီဖူလုံရေးအတွက် ဆောင်ရွက်သင့်သည့် သီးနှံတစ်မျိုးဖြစ်သည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နည်းပါးခြင်း၊ စိုက်ပျိုးပြီးပါက ပျက်စီးမှုနည်းပါးခြင်း၊ အထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းကောင်းမွန်ခြင်း၊ သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သီးနှံဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ဧရိယာသည် စုစုပေါင်း သီးနှံစိုက်ဧရိယာ၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်း ရှိသည်။ မြန်မာနိုင်ငံအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး နိုင်ငံတော်ကလမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေကြာသီးနှံကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ရည်မှန်းချက်ထားကာ ဆောင်ရွက်နေသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ နေကြာစိုက်ပျိုးမှုအနေဖြင့် ၂၀၂၁- ၂၀၂၂ ခုနှစ်တွင် မိုးနေကြာ ၄၁၄၂၆ ဧက၊ ဆောင်းနေကြာ ဧက ၃၁၇၉၀၀ စုစုပေါင်း ၃၅၉၃၂၆ ဧက စိုက်ပျိုးခဲ့ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၇ ဒသမ ၅ တင်းနှုန်းဖြင့် စုစုပေါင်း ၉၈၈၁၄၆၅ တင်း ရရှိခဲ့သည်။ ၂၀၂၁-၂၀၂၂ နေကြာသီးနှံ စိုက်ပျိုးသည့် ဧကအပေါ်အခြေခံ၍ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးနေကြာ ၄၁၄၂၆ ဧကနှင့် ဆောင်းနေကြာ ၃၅၁၇၇၃ ဧက စုစုပေါင်း ၃၉၃၁၉၉ ဧက စိုက်ပျိုးထုတ်လုပ်ရန်လျာထားပြီး ၃၃၈၇၃ ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း နေကြာသီးနှံစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် အထွက်ကောင်း မျိုးများဖြစ်သည့် ရေဆင်းစပ်မျိုး(၁)နှင့် ဆင်းရွှေကြာ(၂) မျိုးများကို အဓိကထား၍ စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးမည့် နေကြာသီးနှံ ၃၉၃၁၉၉ ဧကအတွက် အထွက်နှုန်းကောင်းမွန်သည့် နေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် မျိုးစေ့ထုတ်စိုက်ခင်းများကို ၂၀၂၂ မိုးရာသီတွင် စစ်ကိုင်းခရိုင်၌ ဧက ၂၀၀၀၊ မုံရွာခရိုင်၌ ဧက ၁၀၁၀၊ ရွှေဘိုခရိုင်၌ ဧက ၆၂၀၊ ကန့်ဘလူခရိုင်၌ ဧက ၃၀ နှင့် ယင်းမာပင်ခရိုင်၌ ဧက ၃၄၀ စုစုပေါင်း ဧက ၄၀၀၀ စိုက်ပျိုး၍ ထွက်ရှိလာမည့် မျိုးစေ့များကို ဆောင်းရာသီ စိုက်ပျိုးချိန်အမီ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း နေကြာစိုက်ဧက တိုးချဲ့နိုင်ရေးနှင့် လျာထားချက်ပြည့်မီရေး လိုအပ်သည့် ရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းနေကြာမျိုးကောင်းမျိုးသန့်များ ဖြစ်သည့် ရေဆင်းစပ်မျိုး(၁)မျိုးစေ့ အိတ် ၅၀၀နှင့် ဆင်းရွှေကြာ (၂)မျိုးစေ့တင်း ၇၅၀ကို အခမဲ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် နေကြာစိုက်ခင်းများတွင် အသုံးပြုရန် ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီး၏ နေကြာသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ မိုးနေကြာလျာထားဧက ၄၁၄၂၆ ဧကအနက်ဧက ၂၃၀၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီး နေကြာမျိုးစေ့ထုတ် လျာထားဧက ၄၀၀၀ အနက် ဧက ၂၆၅၀ စိုက်ပျိုးပြီးဖြစ်ရာ ဇူလိုင်လကုန်တွင် လျာထားချက်ပြည့်မီကျော်လွန်ရေး ဆောင်ရွက်လျက်ရှိသည်။ နေကြာသီးနှံတစ်မျိုးတည်း သီးသန့်စိုက်ပျိုးခြင်းအပြင် စပါးအပြီးနှင့် မိုးဦးရာသီ သီးနှံများဖြစ်သော မိုးမြေပဲ၊ နှမ်းလျှင်၊ ပဲတီစိမ်းသီးနှံတို့အပြီး သီးထပ်စိုက်ပျိုးခြင်း၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများနှင့် သီးညှပ်စိုက်ပျိုးခြင်း၊ ဆောင်းရာသီ ဂျုံသီးနှံစိုက်ပျိုးရာသီတွင်လည်း နေကြာနှင့်ဂျုံသီးနှံ သီးညှပ်စိုက်ပျိုးခြင်း စသည့်နည်းစနစ်များဖြင့် နေကြာသီးနှံစိုက်စွမ်းအားတိုးတက်စေရေး စည်းရုံးဆောင်ရွက်မည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် ပြည်တွင်းဆီစက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အလွန်အရေးကြီးသည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်း နေကြာစိုက်ဧရိယာများ တိုးတက်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးထွက်ရှိလာသည့် နေကြာများကို ဆီကြိတ်ခွဲထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း လက်ရှိလည်ပတ်နေသည့် ဆီစက်ပေါင်း ၈၆၈ စက်ရှိရာ စက်အကြီး ၂၉ စက်၊ အလတ် ၁၇၃ စက်နှင့် အငယ် ၆၆၆ စက် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ အဆိုပါ ဆီစက် ၈၆၈ စက်အနက် အကြီး ၁၂ စက်၊အလတ် ၅၄ စက်နှင့် အငယ် ၇၆ စက် စုစုပေါင်း ၁၄၂ စက်မှ နေကြာဆီများ ကြိတ်ခွဲထုတ်လုပ်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးလျက်ရှိသည့် နေကြာမျိုးများဖြစ်သည့် ရေဆင်းစပ်မျိုး (၁) တစ်ဧကလျှင် ၅၅ တင်းမှ တင်း ၆၀ အထိ ထွက်ရှိနိုင်ပြီး ဆင်းရွှေကြာ (၂) တစ်ဧကလျှင် ၂၅ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထွက်ရှိလာသည့် နေကြာများကို စံချိန်စံညွှန်းပြည့်မီသည့် အရည်အသွေးကောင်းနေကြာဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ကူညီ ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိရာ ဇူလိုင်လ ၅ ရက်နေ့တွင် တိုင်းဒေသကြီး ကုန်သည်ကြီးများအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်းရှိ နေကြာဆီစက်များကို အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့် နေကြာကုန်ကြမ်း အလုံအလောက် ရရှိကြိတ်ခွဲနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နေကြာ မျိုးကောင်းမျိုးသန့်များအနေဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူ အသင်းအဖွဲ့များမှ ရောင်းချသော နေကြာစပ်မျိုးများကိုသာ ရယူသုံးစွဲစိုက်ပျိုးကြရန်ဖြစ်သည်။ နေကြာသီးနှံသည် မိုးဦး၊ မိုးလယ်နှင့်မိုးနှောင်း သုံးရာသီစလုံး အောင်မြင်စွာ စိုက်ပျိုးနိုင်သော ဘက်စုံသီးနှံဖြစ်ခြင်းကြောင့် ထူးခြားသောသီးနှံဖြစ်သည်။ စိုက်ဧရိယာ တိုးချဲ့ရေးအတွက် အခွင့်ကောင်းများရရှိနေသော သီးနှံလည်းဖြစ်သည်။ ဆီထွက်သီးနှံ နေကြာကို အလားအလာရှိသော မြန်မာနိုင်ငံတစ်ဝန်းဒေသများတွင် နေကြာစိုက်ဧက တိုးချဲ့စိုက်ပျိုးခြင်း၊ အစေ့ထွက်နှင့် ဆီထွက်နှုန်းကောင်းသော စပ်မျိုးနေကြာမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးခြင်းပြုလုပ်ပါက နေကြာတစ်ဧကအထွက်နှုန်းနှင့် ဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံလာမည်မှာ အသေအချာပင်ဖြစ်သည်။

## တစ်လလျှင် ဆီတန်ချိန် ၇၀၀၀၀ ကျော်

မြန်မာတို့ တစ်နှစ်လျှင် ဆီတန်ချိန် တစ်သန်းကျော် စားနေကြသည့်အတွက် လိုအပ်ချက်အရ တစ်လလျှင် ဆီတန်ချိန် ၇၀၀၀၀ ကျော် ပြည်ပမှ တင်သွင်းနေရသည်။ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ပြည်ပဆီဈေးနှုန်းမှာလည်း ယခင်ထက် နှစ်ဆခန့်တက်လာခဲ့ပြီဖြစ်ရာ ဈေးကြီးကြီးပေး၍ ရောဂါဝယ်ယူသကဲ့သို့မဖြစ်စေရန် လူတိုင်းဆီစားသုံးမှု လျှော့ကြဖို့လိုသည်။ ဟင်းချက်နည်းများပြောင်းသလို ဟင်းလျာပုံစံများလည်း ပြောင်းလဲရန်၊ ဆီနည်းနည်းဖြင့် အရသာရှိရှိ ဟင်းချက်နည်းများကို ပြင်ဆင်ချက်ပြုတ်စားသုံးခြင်းဖြင့် အာဟာရပြည့်ဝပြီး ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ရန် အကျိုးမျှော်ကာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံသည်လည်း ဆီဖူလုံရေးအတွက် ဆောင်ရွက်သင့်သည့် သီးနှံတစ်မျိုးဖြစ်သည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နည်းပါးခြင်း၊ စိုက်ပျိုးပြီးပါက ပျက်စီးမှုနည်းပါးခြင်း၊ အထွက်နှုန်းနှင့် တစ်ဧက ဆီထွက်နှုန်းကောင်းမွန်ခြင်း၊ သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ်စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သီးနှံဖြစ်

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


## ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

လူတစ်ဦးချင်းမှအစပြု၍ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး စိတ်နှလုံးရွှင်လန်းစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုအဆင့်ဗဟို အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ၄၀၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင် လှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal-D နှင့် အာဟာရမုန့်များ ပေးဝေခဲ့သည်။



၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းလျှပ်စစ်နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြား

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သင်္ဘောလျှပ်စစ်အင်ဂျင်နီယာတစ်ဦးအဖြစ် သင်္ဘောလိုက်နိုင်ရန်အတွက် ရေကြောင်းလျှပ်စစ် နည်းပညာသင်တန်း Electro-Technical Rating(ETR) ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ဖွင့်လှစ်ပို့ချရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းရှိရေကြောင်းအင်ဂျင်နီယာသင်တန်းကျောင်း (METC) ၌ သင်ကြားပေးနေခြင်းဖြစ်ပြီး B.Tech (Electrical Electronic Mechatronics)၊ A.G.T.I (Electrical Electronic Mechatronics)၊ B.Sc(Physics)၊ B.Sc (Engineering, Electrical)၊ G.T.H.S(Electrical/ Electronic/ Mechatronics)၊ Polytechnic in Singapore (Dip in Electrical/ Electronic/ Mechatronics) ဘွဲ့ရရှိသူများ တက်ရောက်နိုင်သည်။

"ဒီ ETR သင်တန်းက ခြောက်လ တက်ရောက်ရမှာဖြစ်ပါတယ်။ အဲဒီလို ခြောက်လ Training ပြီးသွားရင် ကျောင်းတွင်း ရေးဖြေစာမေးပွဲဖြေဆိုရပါမယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိသူတွေ လာရောက်စစ်ဆေးပေးမှာဖြစ်ပါတယ်။ ရေးဖြေအောင်သွားရင် လူတွေ့စာမေးပွဲအနေနဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ စက်မှုလက်မှုဌာနမှာ အစစ်ဆေးခံရမှာဖြစ်ပြီး အောင်သွားရင် Sea time/Sea service ခေါ်တဲ့ ပင်လယ်ပြင် လုပ်သက်ရှိပြီးတဲ့ သူတွေကို Training Electro-Technical Rating(TETR) လက်မှတ် တစ်ခါတည်း ထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီလက်မှတ်နဲ့ သင်္ဘောလိုက်လို့ရမှာဖြစ်ပါတယ်။ Sea time မရှိတဲ့သူတွေကျတော့ Sea time ၁၂ လရမှ လက်မှတ်ထုတ်ပေးတာဖြစ်ပါတယ်"ဟု ရေကြောင်းအင်ဂျင်နီယာသင်တန်းကျောင်း (METC) မှ သင်တန်းနည်းပြဆရာ ဦးသန့်ဇင်က ပြောသည်။

အဆိုပါ ETR Workshop Skill Course သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လျှောက်လွှာ Form၊ ပညာအရည်အချင်းလက်မှတ်(မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်းနှင့် မိတ္တူ)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိအမှတ်ပြု ဆေးခန်းများမှ ထုတ်ပေးသည့် ဆေးလက်မှတ်(မူရင်းနှင့် မိတ္တူ)၊ ETR Workshop Skill စာအုပ်၊ ဓာတ်ပုံလေးပုံတို့ကို ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး Eligible Form ပြန်လည်ရရှိပါက သင်တန်းအပ်နှံ တက်ရောက်နိုင်ကြောင်း၊ သင်တန်းပြီးဆုံးအောင်မြင်သူများအနေဖြင့် ETR Training ဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်းသွား ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် သင်္ဘောများ၏ စက်ခန်းတွင် အတည်ပြုပင်လယ်ပြင် လုပ်သက် ၁၂ လ(တစ်နှစ်) လိုက်ရမည်ဖြစ်ပြီး Sea Service တစ်နှစ်ရရှိပြီးပါက ETR တတ်ကျွမ်းမှုလက်မှတ်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက အတည်ပြု ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ETR လက်မှတ်ဖြင့် သင်္ဘောလျှပ်စစ်အင်ဂျင်နီယာတစ်ဦးအဖြစ် သင်္ဘောအင်ဂျင်ခန်းတွင် လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ရေကြောင်းအင်ဂျင်နီယာ သင်တန်းကျောင်း(METC) ၏ ကျောင်းအုပ်ကြီး ဦးလှသိန်းထံမှ သိရသည်။

**ကိုထက်**

## ကန့်ကြီးထောင့်မြို့နယ်၌ ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အာကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ကန့်ကြီးထောင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့စုရပ်မှ လွတ်လပ်ရေးပန်းခြံအထိ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို လွတ်လပ်ရေးပန်းခြံရှေ့၌ စုပေါင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# မန္တလေးမြို့ရှိ မဟာလောကမာရဇိန် (ကုသိုလ်တော်)ဘုရားသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာဖူးမြော်မှုများပြား



**မန္တလေး ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင် ကျောက်စာများထားရှိရာ မဟာလောကမာရဇိန်(ကုသိုလ်တော်) ဘုရားသို့လည်း ပြည်တွင်း၊ ပြည်ပခရီးသွား အများအပြား လာရောက် လေ့လာဖူးမြော်လျက်ရှိသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါ စည်းမျဉ်းစည်းကမ်းများကြောင့် ယခင်က မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု လျော့နည်းခဲ့သော်လည်း ယခုအခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခဲ့သည့်အတွက် နိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

ထို့ကြောင့် မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားသို့လည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ မိသားစုလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက် သော်လည်းကောင်း၊ လာရောက်ကြပြီး ဘုရားအတွင်းရှိ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင် ကျောက်စာများ၊ သက်တမ်းရင့် ခရေပင်ကြီးများကို အများဆုံးလေ့လာကြကြောင်း ကုသိုလ်တော်ဘုရားမှ ဝန်ထမ်းတစ်ဦးက ပြောဆိုသည်။

"ကိုဗစ် - ၁၉ကပ်ရောဂါဖြစ်ပွားနေတဲ့အချိန်မှာတော့ ခရီးသွားလာရောက်မှုနည်းပါတယ်။ အခုရောဂါတွေလျော့နည်းသွားတော့ ပြည်ပခရီးသွားဧည့်သည်တွေ အတော်လေးဝင်လာကြပါပြီ။ နိုင်ငံတွေအနေနဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့က ခရီးသည်တွေဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားကတော့ ပုံမှန်လာရောက်ဖူးမြော်ကြပါတယ်"ဟု ၎င်းက ပြောဆိုသည်။

ကုသိုလ်တော်ဘုရားသို့ စိတ်အေးချမ်းသာယာစွာ လာရောက်လေ့လာဖူးမြော်နိုင်ရေးအတွက်လည်း လိုအပ်သည့်နေရာများကို ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး အလှူရှင်များအနေဖြင့်လည်း လာရောက်လှူဒါန်းမှုများလည်းရှိကြောင်း သိရသည်။

ကုသိုလ်တော်ဘုရားသို့ စနေ၊ တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များတွင် လာရောက်ဖူးမြော်သူ ပိုမိုများပြားသည့်အပြင် နေ့ထူးနေ့မြတ်များတွင်လည်း ကြိတ်ကြိတ်တိုးစည်ကားသဖြင့် ဘုရားဖူးများ၏ လုံခြုံရေးအတွက်လည်း ဂရုတစိုက်ဆောင် ရွက်ပေးကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်း ပျော်ရွှင်စွာ ဖူးမြော်နိုင်ရေးအတွက် အလှူရှင်များအနေဖြင့်လည်း အအေးများ၊ ထမင်းဘူးများဖြင့် စတုဒိသာဧည့်ခံကျွေးမွေးခြင်းများလည်းရှိကြောင်း၊ ဘုရားကြီးအား ကိုဗစ် - ၁၉ စည်းကမ်းချက်များအရ နံနက် ၆နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲ မကွေးမြို့ပြည်သူများပါဝင်ဆင်နွှဲ



**မကွေး ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက မကွေးမြို့တွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးပညာရေး ဒီဂရီ ကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မကွေး သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊သင်တန်းသူများနှင့်အားကစားစိတ်ဝင်စားသည့် ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

**စုပေါင်းလမ်းလျှောက်**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲ စုရပ်ဖြစ်သည့် မကွေးခရိုင် အားကစားကွင်းအနီးရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ပန်းခြံရှေ့မှစတင်ပြီး ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ထိုမှတစ်ဆင့် မဲထီးလမ်းမှ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းဝင်း အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အမှတ်(၂)အထက အားကစားကွင်းအတွင်း၌ ကာယလေ့ကျင့်ခန်း အတွဲ-၁၊ အတွဲ-၂ နှင့် Physical fitness dance များ တစုတဝေး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

**ကံစမ်းမဲများဖောက်**

ဆက်လက်၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ခဲ့ကြသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမှတ်(၂) အထက ကျောင်းဝင်း အားကစားကွင်းတွင် ဗလာမပါ ကံစမ်းမဲများ တပျော်တပါး မဲဖောက်ပေးကာ၊ စားသောက်ဖွယ်ရာ အဖြစ် ကောက်ညှင်းပေါင်းနှင့် သောက်ရေသန့်ဘူးများ ဝေငှပေးခဲ့သည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ပူတာအိုမြို့၌ (၇၃)နှစ်မြောက် ရဝမ်အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြည်သူ ၁၀၀၀ ခန့် ပါဝင်ဆင်နွှဲ

**ပူတာအို ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း၏လမ်းညွှန်မှု၊ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း၏ဦးဆောင်မှုဖြင့် (၇၃) နှစ်မြောက် ရဝမ်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်ခါကာဘိုရာဇီခန်းမနှင့် မနောကွင်းတို့၌ ကျင်းပရာ ပြည်သူ ၁၀၀၀ ခန့်ပါဝင်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဂရူးယောနသန်က (၇၃) နှစ်မြောက် ရဝမ်အမျိုးသားနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ပူတာအိုအခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းသီဟနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမယစ်ယောရှုတို့က အားပေးစကားပြောကြားသည်။

ဆက်လက်၍ (၇၃)နှစ်မြောက် ရဝမ်အမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဝမ်ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပူတာအိုအခြေချစစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးဂရူးယောနသန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးဆင်ဆုန်းနှင့် တာဝန်ရှိသူများက ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ ရဝမ်စာပေဖြင့်ကဗျာ၊ ဆောင်းပါးပြိုင်ပွဲဆုရရှိသူများ၊ လူမှုပရဟိတအဖွဲ့များနှင့် လူမှုဖွံ့ဖြိုးရေးထမ်းဆောင်ရှင်များအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပူတာအိုအခြေချစစ်ဗျူဟာမှူးက ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းအတွက် အလှူငွေကျပ်ငါးသိန်းကို ထောက်ပံ့လှူဒါန်းပြီး မနောကွင်းတွင် ပြည်သူ ၁၀၀၀ ခန့်က အဓိးလမ်အက(မနောအက)ဖြင့် စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ **ဖုန်ကန်(ပူတာအို)**




## ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ကြေးပေးအပ်

**မောင်တော ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုယ်ဝန်ဆောင် မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအား အာယာရဖွံ့ဖြိုးစေရေးအတွက် မောင်တောခရိုင် လူမှုဝန်ထမ်းရုံးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒုတိယသုံးလပတ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ် ပြည်သူ့ဆေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် (ဧပြီ၊ မေ၊ ဇူလိုင်)လတို့အတွက် မောင်တောမြို့နယ်အတွင်း ကိုယ်ဝန်ဆောင် မိခင် ၁၂၇၂ ဦး၊ အသက်နှစ်နှစ်အောက်ကလေးသူငယ် ၆၅၀၃ ဦးနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၁၀၄၃ ဦး၊ အသက်နှစ်နှစ်အောက်ကလေးသူငယ် ၈၄၆ဦး စုစုပေါင်း ၁၇၆၄ ဦးအတွက် တစ်ဦးလျှင် သုံးလစာငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၉၄၈၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဒီဇင်ဘာ ၁၄ ရက်တွင် ဘရပ်ဆဲလ်၌ ကျင်းပမည့် အာဆီယံ-အီးယူအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်




**ဖနောင်ပင် ဒီဇင်ဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်သည် ဒီဇင်ဘာ ၁၄ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် အာဆီယံ-အီးယူဆွေးနွေးပွဲ (၄၅) နှစ်မြောက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဟွန်ဆန်သည် အဆိုပါအာဆီယံ-အီးယူဆွေးနွေးပွဲ (၄၅) နှစ်မြောက် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးတွင် ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်စ်မစ်ချယ်နှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အထိမ်းအမှတ်ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးတွင် လက်ရှိအာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-အီးယူဆက်ဆံရေး၏ အနာဂတ်ဦးတည်ရာလမ်းကြောင်းတို့ကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းထိပ်သီးအစည်းအဝေးတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံမှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအပါအဝင် စီးပွားရေးကို မည်သို့ဖြင့်တင်ဆောင်ရွက်မည်ဆိုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဦးစားပေးဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် အာဆီယံ-အီးယူအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအပြီးတွင် ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံရန် ပြင်သစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၀၀၀ ကျော် ထပ်မံတွေ့ရှိ

**တိုကျို ဒီဇင်ဘာ ၁၀**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၅၇၆၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားသူ ၁၅ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၄၅၅၈ ဦးသည် မြို့တော်တိုကျိုမှဖြစ်ကြောင်း သိရသည်။ မြို့တော်တိုကျို၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသူ ၁၂၃၇ ဦးရှိခဲ့ရာမှ ရောဂါကူးစက်ခံရသူများ တစ်ရက်ပြီးတစ်ရက် ပိုမိုများပြားလာကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၉၁၀၆၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၁၅၁၂ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# နယူးယောက်တိုင်းမ် သတင်းထောက်များနှင့် အခြားအလုပ်သမား ၁၀၀၀ ကျော်က ငွေကြေးဖောင်းပွမှုအပါအဝင် ၎င်းတို့၏လစာနည်းပါးမှုတို့ကြောင့် ဆန္ဒထုတ်ဖော်

**နယူးယောက်စီးတီး ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ နယူးယောက်စီးတီးအခြေစိုက် နယူးယောက်တိုင်းမ်သတင်းစာ၏ သတင်းထောက်များနှင့် အခြားအလုပ်သမား ၁၀၀၀ ကျော်သည် ငွေကြေးဖောင်းပွမှုနှင့်ဆက်စပ်သည့် ၎င်းတို့၏ လုပ်ခလစာရရှိမှု နည်းပါးမှုတို့ကြောင့် ယမန်နေ့က ၂၄ နာရီကြာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သတင်းစာအကြီးအကဲများနှင့် သတင်းထောက်များသည် ညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း တိကျခိုင်မာသည့် ရလဒ်ထွက်ပေါ်ခြင်းမရှိသေးသည့်အတွက် သတင်းထောက်များအပါအဝင် အခြားသောအလုပ်သမားများက နယူးယောက်တိုင်းမ်ကုမ္ပဏီ၏ ရုံးချုပ်ရှေ့တွင်စုဝေးကာ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့သပိတ်မှောက်မှုသည် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ အလုပ်သမားရေးရာစီမံခန့်ခွဲမှုအပါအဝင် လုပ်ခလစာများနည်းပါးလျက်ရှိခြင်းအပေါ် နှစ်ဖက်ညှိနှိုင်းလျက်ရှိသည်မှာ နှစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မှုအတွင်း အလုပ်သမားအချို့က "ငါတို့ကို လုပ်ခလစာပေးဖို့အချိန်တန်ပြီ။ မပေးရင် ကုမ္ပဏီကို ပိတ်ပစ်လိုက်တော့" ဟု ကြွေးကြော်ခဲ့ကြောင်း သိရသည်။

အလုပ်သမားများ၏ လုပ်ခလစာသည် ၂၀၂၀ ပြည့်နှစ်ကထက် ပိုမိုနည်းပါးနေသည့်အတွက် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာ ဝန်ထမ်းတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

နယူးယောက်တိုင်းမ်သတင်းစာ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဝန်ထမ်းများ၏ လုပ်အားလခများနှင့်ပတ်သက်ပြီး ညှိနှိုင်းလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုအရှိန်ဖြင့် တက်လျက်ရှိစဉ် Starbucks နှင့် Amazon စသည့် ကုမ္ပဏီကြီးများတွင်လည်း လုပ်အားခနည်းပါးစွာရရှိခြင်းအပေါ် ဝန်ထမ်းများက ဆန္ဒထုတ်ဖော်မှုများ ရှိခဲ့ကြောင်းသိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် တစ်ပတ်အတွင်း လူပေါင်း ၂၅၀၀ ကျော် ဆေးရုံတက်ရောက်ကုသနေရ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် ဒီဇင်ဘာ ၃ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း လူပေါင်း ၂၅၀၀၀ ကျော် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၉ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ရာသီတုပ်ကွေးရောဂါသည် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ ဖြစ်ပွားမှုအမြင့်မားဆုံးသော ရောဂါအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။



အမေရိကန်နိုင်ငံ၌ လက်ရှိတုပ်ကွေးရောဂါဖြစ်ပွားသည့် ရာသီတွင် တုပ်ကွေးရောဂါဖြစ်ပွားသူ အနည်းဆုံး ၁၃ သန်းရှိကြောင်း၊ ၁၂၀၀၀၀ သည်ဆေးရုံတက်ရောက်ဆေးဝါး ကုသမှုခံယူနေရကြောင်းနှင့် ၇၃၀၀ သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် ရက်သတ္တတစ်ပတ်အတွင်း ကလေးငယ်ခုနစ်ဦး သေဆုံးခဲ့ကြောင်းနှင့် လက်ရှိတွင် ကလေးငယ်သေဆုံးသူပေါင်း ၂၁ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၁ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၈၅၆ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၁၅၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၄၇၈၇၈ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၃၈၇ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၈၀ သည် မြို့တော်မနီလာမှ တွေ့ရှိခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာနေ နီနီမာသည် ၎င်းအသုံးပြုသည့် “ချစ်သူရင်ခွင်” Facebook အကောင့်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နေ ဝင့်ထူးထူးအောင်သည် ၎င်းအသုံးပြုသည့် “Wint Htoo Htoo Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် (၄)ရပ်ကွက်နေ သိန်းထွန်းထိုက်သည် ၎င်းအသုံးပြုသည့် “Thein Htun Htike” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ သန်းနိုင်သည် ၎င်းအသုံးပြုသည့်“U Than Naing” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ စန်းမောင်မြင့်(ခ) စောယွန်း(ခ)နန်းဦးလွင်သည် ၎င်းအသုံးပြုသည့် “Nann Oo Lwin” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဆကာရပ်ကွက်နေ သီရိမွန်(ခ)ပိုးဟပ်ဖြူသည် ၎င်းအသုံးပြုသည့် “Thiri Mon (ပိုးဟပ်ဖြူ)” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်များ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကြံခင်း-မြန်အောင် မြို့ရှောင်လမ်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား သုည ဒသမ ၉၆၅၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

**သိမ်းဆည်းရမိ**

အလားတူ ဒီဇင်ဘာ ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့ ဖိနပ်များ ၁၀ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၆၀၀၀)ကို လည်းကောင်း၊ ကျိုင်းတုံမြို့နယ် နောင်နွန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် LUX တံဆိပ်ပါ ရေချိုးဆပ်ပြာ ဖာ ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မအူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀)ကို လည်းကောင်း၊ ရွှေဘိုမြို့ အမှတ်(၈)ရပ်ကွက်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၁၈၆၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၂-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၀** သတင်းသမားပြောတဲ့သတင်းစကား
**၀၉:၁၅** စိန်ရတုလွှတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၅)
**၁၂:၃၀** 2022 World Cup Highlignt(19)
**၁၂:၃၅** This Week Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား 'ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုများ' (အပိုင်း-၂)
**၁၃:၁၅** Weekly Local News Highlights
**၁၃:၃၀** MRTV National News
**၁၃:၅၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ပုံပမာ' (ကျော်ဆွေ၊ ခင်ယုမေ)(ဒါရိုက်တာ-ကျော်ဆွေ)
**၁၆:၃၅** 'ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ'
**၁၇:၁၅** 'Sports Diary'
**၁၇:၃၀** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** 'သုတဝေဖြာ...သိရိဂေဟာ'
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့....ဒိုးလေး' (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 2022World Cup Highlight(19)
**၂၁:၀၅** ဘဝနှင့်အနုပညာ 'အားလုံးကချစ်တဲ့ ဒီကောင်မလေးထပ်ဆင့်အကယ်ဒမီ တေးသံရှင် ချိုပြုံး' (အပိုင်း-၅)

**mitv**

**07:01** Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
**07:09** Fine Arts Podium (Conch Shell Wind Instrument)
**07:24** The Third Prize Winner
**07:41** Myanmar Cultural Identities (Kinnari & Kinnara)
**08:01** News
**08:27** Famous Ywar Ngan Coffee From Shan Highlands
**08:48** Welcome to the 10th ASEAN QUIZ (Myanmar)
**09:01** His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi-2)1960~1970
**09:35** Today Myanmar
**09:42** Popa Trip
**09:52** Myanmar Puppeteers (Ogre Dance)
**10:01** News
**10:27** Dhammayangyi Temple

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆ :၀၀ မှ ၀၇:၀၀)** တီဘီရောဂါအကြောင်းသိကောင်းစရာ
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)
**မွန် (၀၈:၀၀ မှ ၁၀:၀၀)** ကျိုက္ခမီရေလယ်ဘုရားနှင့်စက်ဗဲကမ်းခြေသို့ အလည်တစ်ခေါက်
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)** နားမွေ့တော်ဓာတ်တက်ပွဲ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)** ရှမ်းရိုးရာပိန်းပွင့်ချက်
**ဝ (၁၄:၀၀ မှ ၁၆:၀၀)** ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)** အာလူးထောင်းကြော်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)** ဗိတ်ခေါ်တယ်လေကယားတို့မြေရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့
**ဝကောကရင် ( ၂၀:၀၀ မှ ၂၁:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၂)
**အနောက်ပိုးကရင် ( ၂၁:၀၀ မှ ၂၂:၀၀)** သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် ( ၂၂:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၁၅** "Weekly Selected News"
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၁၅** ကာတာကမ္ဘာ့ဖလား (Hightlights)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၄:၂၀** News Desk
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စာနာတတ်သူတာဝန်ယူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း-အပိုင်း(၆)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
**၁၁:၃၀** 'အတွေးအမြင်'-အပိုင်း(၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၀၆:၄၀** သုတေသနပြခြင်းမှသည် ထွက်နှုန်းစံပိုမြန်မာ့စပါးကို
**၀၇:၄၀** 'မွေးမြူရေးရာအဖြာဖြာ'
**၀၈:၅၀** စကားပြောသောပုံရိပ်များ
**၀၉:၀၀** ဗိဘာအမွေဆက်ခံကြမည့်မြေနိမ့်ကော်ဖီပင်လေး များ၏ရွှေရောင်လွှမ်းသည့်ခရီးလမ်း
**၀၉:၃၅** အချိုဓာတ်မြင့်မားဖို့ကြံရွက်ချကြပါစို့
**၀၉:၅၀** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများအကြောင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၅:၂၀** 2022 World Cup Hightlignt / ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
**၁၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

## အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ အင်အားဖြည့်စားသောက်နိုင်ရေး ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်

**လွိုင်ကော် ဒီဇင်ဘာ ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ သွားရောက်ပြီး သင်တန်းတက်ရောက်လျက်ရှိသော တိုင်းရင်းသား သင်တန်းသား သင်တန်းသူများ အင်အားဖြည့် စားသောက်နိုင်ရန် ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ထူးချွန်အောင်ကြိုးစား**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားရာတွင် "၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်လေ့ကျင့်သင်ကြားနေကြသည့် သင်တန်းသား သင်တန်းသူများသည် အခြေခံပညာနှင့်အားကစားကို ပေါင်းစပ်လေ့ကျင့်သင်ကြားလျက်ရှိကြပြီး ကြံ့ခိုင်မှုပိုမိုရှိလာစေရန်နှင့် အာဟာရပိုမိုပြည့်ဝစွာ စားသောက်နိုင်ရန်အတွက် ထောက်ပံ့ငွေနှင့် ဆန်များ ပေးအပ်ရခြင်းဖြစ်ကြောင်း၊





သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံပညာနှင့် မိမိရွေးချယ်ထားသည့် အားကစားနည်းများအလိုက် အကောင်းဆုံးရည်မှန်းချက်ထားရှိပြီး ထူးချွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ထို့အပြင် သင်တန်းအလိုက် ချမှတ်ထားသည့် စည်းကမ်းများကိုလည်း တိကျစွာလိုက်နာကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ကိုဆောင်နိုင်မည့် သားကောင်း၊ သမီးကောင်းများဖြစ်အောင် ကြိုးစားကြရန် အထူးအရေးကြီးကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံး၊ ပြေးခုန်ပစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို အားကစားနည်းများမှ သင်တန်းသား သင်တန်းသူများကို တစ်ဦးချင်း အခက်အခဲများကိုမေးမြန်းပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ဆန်များကိုပေးအပ်ရာ ဒုတိယကျောင်းအုပ် ဦးဇော်မင်းထွေးက လက်ခံရယူခဲ့သည်။

**ချီးမြှင့်ငွေပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတင်ဆက်မည့် ကယားပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက လွိုင်ကော်ခရိုင်စုပေါင်းရုံး၌ အင်တိုက်အားတိုက် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အကအဖွဲ့နည်းပြများနှင့် အကအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နွေစပါးစိုက်တောင်သူများ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကွင်းသရုပ်ပြ၊ သဘာဝမြေသြဇာများ ထောက်ပံ့

**ဘားအံ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် စားဝတ်နေရေးဖူလုံရေးအတွက် စဉ်ဆက်မပြတ်အားပေးကူညီလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲခန့်က လှိုင်းဘွဲမြို့နယ် သမ္ဘာန်ကျေးရွာရှိ လှိုင်းဘွဲမျိုးသန့်ခြံ၌ နွေစပါးစိုက်တောင်သူများအား ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးခဲ့ပြီး သဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လှိုင်းဘွဲမျိုးသန့်ခြံရှိ နွေစပါးတစ်ဧကစိုက်ခင်းများ၌ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာအချိုးကျရောစပ်၍ တွဲဖက်သုံးစွဲနည်း ကွင်းသရုပ်ပြပွဲကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝမ်းနှင့် တာဝန်ရှိသူများက အချိုးကျရောစပ်၍တွဲဖက်သုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော နွေစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းကွင်းသရုပ်ပြပွဲသို့တက်ရောက်ပြီး တောင်သူများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းသည် လက်ရှိဖြစ်ပေါ်နေသော လယ်ယာလုပ်သားရှားပါးမှုပြဿနာကို အကောင်းဆုံးဖြေရှင်းပေးနိုင်သော နည်းလမ်းတစ်ခုဖြစ်ပြီး အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခြင်းသည် အကျိုးအမြတ်ရရှိရန်အခွင့် အလမ်းတစ်ခုဖြစ်ကြောင်း၊ ကောက်စိုက်စက်တစ်စီးသည် ဧကကွက်တွင် ခြောက်ဧကအထိ စိုက်ပျိုးနိုင်ပြီး တောင်သူများ၏ လယ်ကွက်များတွင် ၄ ဒသမ ၅ ဧကခန့် စိုက်ပျိုးနိုင်ကာ တစ်ဧကကုန်ကျစရိတ်ငွေကျပ် ၄၅၀၀၀ သာ ဖြစ်သည့်အတွက် ကောက်စိုက်သမလုပ်အားခဖြင့်နှိုင်းယှဉ်ပါက တစ်ဝက်ခန့်သက်သာသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော့နည်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် နွေစပါးတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် တောင်သူများအားထုတ်ချေးပေးလျက်ရှိရာ လှိုင်းဘွဲမြို့နယ်အတွက် နွေစပါး ၂၈၆၆ ဧကကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ သီးနှံများအပင်သန်စွမ်းပြီး အစေ့အဆန်ပြည့်တင်းကာ အထွက်နှုန်းကောင်းများရရှိလာစေရေးသဘာဝမြေသြဇာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရရှိရေးအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ထီလုံ၊ သမ္ဘာန်၊ နောင်သင့်၊ သပုထို ကျေးရွာများမှ တောင်သူများအား လင်းနို့ဂူသဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တောင်သူများသည် စက်မှုလယ်ယာဦးစီးဌာနမှ ဘောင်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ထားသော စပါးပျိုးပင်များအား ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက်နှစ်စီးဖြင့် စိုက်ပျိုးသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တောင်သူများသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စူပါဘိုကာရှီ(အဆင့်မြင့်အီးအမ်မြေဆွေး)ပြုလုပ်ပြသခြင်းနှင့် လှိုင်းဘွဲမျိုးသန့်ခြံအတွင်း စိုက်ပျိုးထားရှိသော ဟင်းသီးဟင်းရွက် စိုက်ခင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၉၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၂၃,၁၆၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၆၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၅)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ စာပေမြင့်မှ လူမျိုးတင့်မည်

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၁၀

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သံတွဲမြို့နှင့် တောင်ကုတ်မြို့တို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့တို့တွင် DYL ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွားနှင့် ဆိတ်မွေးမြူရေးခြံများ၊ ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ၊ ပဲပင်ပေါက်နှင့် ငွေနှင်းမှို ထုတ်လုပ်ရေးလုပ်ငန်းများ၊ တစ်သျှူးငှက်ပျော စသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဖျာပုံ၌ ရေသယံဇာတ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်

ဖျာပုံ ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (ဖျာပုံ)သင်တန်းခန်းမ၌ ရေသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကျိုက်လတ်မြို့နယ် ဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး သင်တန်းကျောင်းမှ ဆရာ ဆရာမများက ရေသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာနည်းပညာနှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းသင်ကြားပေးသည်။

သင်တန်းသို့ ဖျာပုံ၊ အမာ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်မှ ငါးမွေးတောင်သူများ၊ စိတ်ပါဝင်စားသော တက္ကသိုလ်ကျောင်းသားများ၊ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၂၃ ဦးနှင့် ဖျာပုံ၊ အမာ၊ ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးတို့ တက်ရောက်ကြသည်။ သင်တန်းတွင် ရေချိုဂေဟစနစ်ပျက်စီးရခြင်း၊ ရေသယံဇာတများလျော့နည်းလာရသည့်အကြောင်း၊ ရေချိုရှားပါးလာခြင်းကြောင့် ရေသယံဇာတများလျော့နည်းရသည့်အကြောင်း၊ ဒီရေတောများ ပျက်စီးစေသည့်အကြောင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးသယံဇာတများ လျော့နည်းရသည့်အကြောင်း၊ CITES နှင့် မျိုးသုဉ်းရှားပါးရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းဆောင်ရွက်မှု၊ ဂေဟစနစ်အပေါ် ငါးဖမ်းကိရိယာများ၏ အကျိုးသက်ရောက်မှုနှင့် တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်း၊ ပင်လယ်လိပ်မျိုးထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ပင်လယ်ငါးဖမ်းဥပဒေ စသည့် သင်ခန်းစာများအား ပို့ချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းဆတ်မြို့နယ် ခီးလုံကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နားမွန်းကျေးရွာအုပ်စု ခီးလုံကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုး၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများသည် ကျေးလက်ရေရရှိရေးအတွက် ခီးလုံကျေးရွာတွင် အရှည် ခုနစ်ဖာလုံရှိ နှစ်လက်မရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၅ ပေရှိ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

ခီးလုံကျေးရွာတွင် အဆိုပါ ရေရရှိရေးလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်မွမ်းမံခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ နိုဝင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် အဆိုပါကျေးရွာရှိ အကျိုးပြု အိမ်ခြေ ၂၁ အိမ်၊ လူဦးရေ ၁၂၆ ဦးအတွက် နွေရာသီရေရှားပါးမှုပြဿနာများ ပြေလည်၍ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ရရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန (အခမဲ့) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်းအသိပညာပေးသင်တန်း အမှတ်စဉ် (၁ / ၂၀၂၂) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးစန်းလွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာရဲတို့က အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင် ပို့ချခဲ့သည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်းအသိပညာပေးသင်တန်း အမှတ်စဉ် (၁ / ၂၀၂၂) သို့ သင်တန်းသား ၁၀၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းသည် ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်းအသိပညာပေးသင်တန်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်း ၂၁ ကြိမ်တွင် သင်တန်းသား ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

❂ ဧရာဝတီတိုင်းဒေသကြီးမှ

အဆိုပါ ဂွချောင်းတံတားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအပေါ်ထည် P.C Grider , R.C Grider သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားအုတ်မြစ်သည် သံကူကွန်ကရစ်ဘိုးပိုင် အမျိုးအစားဖြစ်သည်။ တံတားနှင့် ချဉ်းကပ်လမ်းအပါအဝင် ငွေကျပ်သန်းပေါင်း ၈၉၈၀ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဂွချောင်းတံတားသည် ရခိုင်ပြည်နယ် ဂွမြို့နှင့် မကျေးငူရွာကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့အထိ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆင်မ-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးပင်-ကျောက်ချွန်-ဂွမြို့ ကမ်းခြေပတ်လမ်းတစ်လျှောက်တွင် အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။ ဂွချောင်းတံတားကြီး တည်ဆောက်ခဲ့ခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများစွာ ပြောင်းလဲတိုးတက်လာမည့်အပြင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဖြင့် ရခိုင်ပြည်နယ်မှထွက်ရှိသော ဒေသထွက်ကုန်များ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း မြန်ဆန်လွယ်ကူစွာ ကုန်စည်စီးဆင်းနိုင်မည်ဖြစ်သည်။

ဂွချောင်းတံတားသည် အရှည် ၁၃၉၈ ပေ ၉ လက်မရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မပါဝင်၍ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ နှင့် ရေလမ်းကင်းလွတ် အကျယ်သည် ၈၅ ပေ ရှိသည်။ တံတားခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးလျှင် ၇၅ တန်ဖြတ်သန်းနိုင်ရန် တည်ဆောက်ထားပြီး ဂွမြို့တစ်ဖက်ကမ်းတွင်ရှိသော ကမ်းခြေရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ကမ်းခြေပတ်လမ်းတစ်လျှောက်တွင်ရှိသော မြို့နှင့်ကျေးရွာများမှ



ဒေသခံများ အဆိုပါဂွချောင်းတံတားမှ အချိန်ခါမရွေး ဖြတ်သန်းသွားလာနိုင်မှုဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ လတ်တလောတွင် အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် အရေးပေါ်ကဏ္ဍတို့တွင် အသုံးပြုနိုင်ရန်အတွက် သုံးတန်အောက်ယာဉ်ငယ်များကို ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားအုန်းဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ရောင်းချပေး

နေပြည်တော် ဒီဇင်ဘာ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ စီစဉ်မှုဖြင့် အရည်အသွေးမီ စားအုန်းဆီများကို နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် ယနေ့ နံနက်ပိုင်းတွင် ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် လာရောက်ရောင်းချပေးသည်။



အဆိုပါ စားအုန်းဆီများကို စာသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ်ကာ Diamond Dragon Co., Ltd. မှ အရည်အသွေးမီ စားအုန်းဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၂၀၀ အတွက် စုစုပေါင်းပိဿာ ၂၀၀၀ ကို ရောင်းချပေးခြင်းဖြစ်ကြောင်းနှင့် အခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများ အတွက်လည်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာမာဂဓကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့တွင် ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကျင်းပ

လှည်းကူး ဒီဇင်ဘာ ၁၀

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်များ တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇင်ဘာ အားကစားလ ဒုတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။



အဆိုပါ လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၇၀၀ ကျော်က စုရပ်အဖြစ် သတ်မှတ်ထားသည့် လှည်းကူးမြို့မဈေးရှေ့မှ စတင်ကာ မြို့နယ်အားကစားကွင်းသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်း လမ်းလျှောက်ကြပြီး မြို့နယ်အားကစားကွင်း၌ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းလေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**




# ကျောက်တံခါးမြို့နယ်၌ ဒီဇင်ဘာ ဒုတိယပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲ ပြုလုပ်

ကျောက်တံခါး ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ပြည်သူများ ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ပြုလုပ်သည်။

စုပေါင်းလူထုလမ်းလျှောက်ပွဲပြုလုပ်ရာတွင် အခြေခံပညာ အထက်တန်းကျောင်း(ကျောက်တံခါး)ရှေ့တွင် စုဝေးပြီး တပင်ရွှေထီးလမ်း၊ စုပေါင်းရုံးလမ်း၊ ရန်ကုန်– မန္တလေးလမ်း(ဟောင်း)တို့မှ မြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းအတွင်း ကိုယ်လက်လှုပ်ရှား လေကျင့်ခန်းများပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်များအတွင်းမှ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၃၅၀ ခန့်က ပျော်ရွှင်တက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



လွိုင်လင် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသည့် လွိုင်လင်မြို့နယ်အတွင်း ကောင်းမှုဂုဏ်စေတီ – ပန်အွတ်ကျေးရွာ ကျောက်ချောလမ်း ခင်းနေမှုအခြေအနေများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်နှင့်တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကောင်းမှုဂုဏ်စေတီ – ပန်အွတ်ကျောက်ချောလမ်းသည် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ရန်ပုံငွေ ၁၁၆ ဒသမ ၄ သန်းဖြင့် ပြည့်ရွှန်းပုဏ္ဏမီကုမ္ပဏီက တာဝန်ယူဆောင်ရွက် လျက်ရှိကြောင်း၊ လမ်း၏အရှည်မှာ ၂ ဒသမ ၂၅၁ ကီလိုမီတာ၊ အကျယ် ၄ ဒသမ ၈၈ မီတာနှင့် ၁၅၀ မီလီမီတာဒုခင်းခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီဇင်ဘာလူထုအားကစားလှုပ်ရှားအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ဒုတိယအပတ် ဆက်လက်ကျင်းပ

သာယာဝတီ ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာနက တစ်မျိုးသားလုံး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးအတွက် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက ခရိုင်ပြည်သူ့ဆေးရုံရှေ့မှစ၍ မြို့တွင်းလမ်းတစ်လျှောက်၌ စုပေါင်းလမ်းလျှောက်ပွဲကို ဆောင်ရွက်သည်။

အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုတို့က ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဒီဇင်ဘာလ ဒုတိယပတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ကြပြီး လမ်းလျှောက်ပွဲအပြီးတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ကွန်စု (၂)

သိပ္ပံမောင်ဝ

ကွန်စုအကြောင်း ဒုတိယမွိရပြန်ပြီ။

မကြာမီက ရောက်လာသည့် ခြောက်ထောင်တန်မော်တော်ကား တည်းဟူသော စိန်နားကပ်၏အရောင်ကြောင့် ကွန်စုတည်းဟူသော ပါးနှစ်ဖက်မှာ ဝင်းပြောင်တောက်ပလျက်နေ၏။

မောင်လူအေးတို့ လင်မယားလာလျှင် ငြီးငွေ့သွားအောင် ငင်းခြောက်ထောင်တန်ကားအိုကြီးနှင့် လိုက်ပို့လိုက်မည်ဟု ကြိမ်းပလျက်နေ၏။ သို့ရာတွင် လူပျိုကြီးဘဝမှမလွတ်သေး၊ အိပ်ရာထဲတွင် တစ်ကိုယ်တည်း တွေးတုန်း၊ ကွေးတုန်းပင်ရှိသေး၏။ တစ်ရံတစ်ခါ မိမိ၏ဘဝကို စိတ်ပျက်မိ၏။ မောင်လူအေး၏ဘဝကို အားကျမိ၏။ သို့သော် မည်သို့မျှမတတ်နိုင်၊ ရွေးတုန်းပင်ရှိသေး၏။ နဖူးစာနတ်ကို အပြစ်တင်ကာ အိပ်ရာထဲတွင် ခေါင်းအုံးများနှင့် ရန်ဖြစ်လျက်နေ၏။

မောင်လူအေးတို့လင်မယား ရောက်တော့မည်။ ဟိုအရင် မောင်လူအေးလာစဉ်က မောင်လူအေးသည် လူပျို၊ မိမိလည်းလူပျို နေရာကျပေသည်။ လူပျိုတို့အလိုက် ပြောချင်ရာပြောနိုင်၏။ လူပျိုတို့ အကြိုက်ဖြစ်သော ဣတ္ထိယသိုက်အကြောင်းကို ဟောပြောလျှင် နှစ်ယောက်စလုံး၏သဘောတွင်တွေ့၏။ ထမင်းစားရင်းပြောလျှင် ထမင်းစားဝင်၏။ ညလသာသာတွင် လေညင်းကလေးကအေးအေး နှင့် ဟိုအိမ်ရှေ့ရောက်၊ သည်အိမ်ရှေ့လျှောက်ကာ ခြေသံပေးလျှင်လည်း သင့်လျော်ပေသည်။

ယခုကား ရေးကသို့မဟုတ်ပြီ။ မောင်လူအေးတည်းမဟုတ်။ မောင်လူအေး၏မယား မမြသန်းလည်း ပါလာပေသည်။ မောင်လူအေး နှင့် စာအကြောင်း၊ ပေအကြောင်း ဆွေးနွေးရုံရှိတော့၏။ ထိုအကြောင်း များကို ဆွေးနွေးလျှင် မောင်လှအေး သဘောကျမည်ကားမလွဲ၊ မမြသန်း အား မည်သည့်အကြောင်း ပြောကြားရအံ့နည်း။ မိမိမယားရှိမှ မိန်းမ တို့၏ ညှော်ဝတ်ကျေပေလိမ့်မည်။ မိန်းမတို့၏အကြိုက်ကို မိန်းမ အချင်းချင်းသာ သိလေသည်။ မောင်လူအေးမှာ မိမိအိမ်၌ ချောင်ချောင် ချိချိနေနိုင်စေပါမူ မမြသန်းကား ချောင်ချောင်ချိချိမှုရှိပမလား။ စောစော စီးစီးက မိန်းမမယူခဲ့မိသည်မှာ မှားလေစွ၊ မှားလေစွ။

လောကတွင် လူပျိုကြီးလုပ်၍နေသည်မှာ အကိုင်းအခက်ကင်းသော သစ်ငုတ်တိုကြီးနှင့် တူလှ၏။ လူပျိုကြီးဘဝနှင့် နေထိုင်၍ အဘယ် အကျိုးရှိအံ့နည်း။ စားသောက်ရန်လည်း ကိုယ်တိုင်ပင် စီမံရပေသည်။ သွားလာရန်လည်း ကိုယ်တိုင်ပင် စီမံရပေသည်။ အိပ်ရာနေရာအတွက် လည်း ကိုယ်တိုင်ပင် စီမံရပေသည်။ ဤသို့ ကိုယ်တိုင်စီမံခြင်းကိစ္စတို့မှ မည်သည့်အခါကျမှ အေးရပါမည်နည်း။ ဩော်… အခက်ကြီးပါတကား။

နောက်တစ်နေ့နံနက်ရထားဖြင့် မောင်လူအေးတို့လင်မယား ပါ၍လာကြ၏။ ကွန်စုလည်း ခြောက်ထောင်တန် မော်တော်ကားအိုကြီး ဖြင့် စတိုင်ပါပါ ဆင်း၍ကြို၏။ မိမိနေအိမ်သို့ခေါ်၍လာခဲ့၏။ မော်တော် ကားထဲတွင် မောင်လူအေးနှင့် ကွန်စုတို့သာလျှင် အားရပါးရ စကား များလျက်သွားကြ၏။ မမြသန်းမူကား များစွာမပြော၊ ဆိတ်ဆိတ်ပင် လိုက်ပါလာ၏။ ကွန်စုတို့စကားပြောနေသည်မှာ မိမိနှင့်မဆိုင်သကဲ့သို့ ထင်မှတ်မိ၏။ ယောကျ်ားများစကားပြောနေရာတွင် မိမိဝင်၍ပြောလျှင် ကွန်စုဆိုသူက မည်သို့ထင်မည်နည်း။ စကားများသောမိန်းမပါကလား။ မဆိုင်တာတွေဝင်၍ပြောနေပါကလားဟု ထင်မှတ်မည်စိုးသောကြောင့် မပြောသကဲ့သို့ အပြင်ဘက်သို့ကြည့်ကာ လိုက်ပါ၍လာခဲ့၏။

ကွန်စုလည်း ဤအခြင်းအရာကိုမြင်လျှင် သနားသောစိတ်များ ပေါ်ပေါက်၍လာ၏။ အကယ်၍သာ မိမိ၌မယားရှိပါမူကား၊ သူတို့ နှစ်ယောက် တဖောင်ဖောင်နှင့် စကားပြောလာကြပေလိမ့်မည်။ မိမိ တို့လည်း မိမိတို့အလိုက်၊ သူတို့လည်း သူတို့အလိုက် နှစ်သက်ရာစကား များကို ပြောကြ၍လာကြပေလိမ့်မည်။ ယခုမှာကား မိမိတို့သာ တဖောင်ဖောင်နှင့် ပြောလာကြ၏။ သူ့ခမျာမှာ စကားပြောဖော်မရှိ၊ သနားစရာပေ။ ဤသို့ တွေးတောမိသောအခါ မိမိ၌ မော်တော်ကားကြီး ရှိသော်လည်း မယားမရှိပါက အချည်းနှီးဖြစ်နေကြောင်း ထင်းထင်း ကြီး စိတ်အတွင်း၌ ပေါ်ပေါက်၍နေ၏။

မောင်လူအေးလည်း ကွန်စုစိတ်ထဲတွင် မည်သို့ရှိနေသည်ကိုမသိ။ မိမိတို့နှစ်ယောက် မိတ္ထီလာအလုပ်သင် ကောလိပ်ကျောင်း၌ နံနက်ခင်း မြင်းပေါ်မှကျပုံ၊ မိတ္ထီလာကန်နဖူးတွင် ကြည်နူးစွာ ညနေခင်း လမ်းလျှောက်ကြပုံ၊ တရားမမြို့အုပ် ဦးဝင်းအား မြင်းဆွဲပြေးပုံ၊ တနင်္ဂနွေ တစ်ပတ်တစ်ကြိမ်ထုတ်သော “သဟာယ” ခေါ် သတင်းစာအယ်ဒီတာ ချုပ် မြို့အုပ်ဦးလှဖေက မိမိတို့နှစ်ယောက်အား စောင်းပါးရိပ်ခြည်ရေးပုံ၊ ကျောင်းအုပ်ကြီးမစ္စတာ ဂရေဟန်မှာ စကားပြောနေရင်း အိပ်ငိုက်ပုံ အကြောင်းတို့ကိုပြောကြားရယ်မောကာလာခဲ့၏။ ကွန်စုက ‘ဟုတ်တယ်’၊ ‘အင်း’ အစရှိသည်တို့နှင့်သာ အချိန်ကုန်လွန်စေ၏။ မိမိကမူကား ပြောကြားခြင်းကိုမပြု၊ အိမ်သို့ မြန်မြန်ရောက်ပါစေတော့ဟူ၍သာလျှင် တောင့်တ၍နေ၏။

မော်တော်ကားကြီးသည် မီးရထားဘူတာရုံမှထွက်ခဲ့၍ လမ်းတစ်ဝက်သို့ရောက်လျှင်ပင် အိုမင်းမစွမ်းဖြစ်သည့်အတွက် ဆက်လက်၍ မသွားနိုင်တော့ဘဲ ခွေယိုင်ကာ သွားရှာတော့သတည်း။ ကွန်စုလည်း မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်၍သွား၏။ အရေးကောင်းသော် လမ်းတစ်ဝက်တွင် ပျက်ခြင်းကြီးမလှ ပျက်ရလေသည်ကို ဒေါသ ထွက်မိ၏။ အသစ်ကျပ်ချွတ် မဝယ်မိ၍ ဤသို့ဖြစ်ရသည်ဟု တွေးတော ဝမ်းနည်းမိ၏။ မောင်လူအေးလည်း ဣန္ဒြေမပျက် စကားပြောမြဲ ပြောလျက်သာနေ၏။ မမြသန်းလည်း အပြင်ဘက်သို့ ရှေးနည်းအတိုင်း ကြည့်လျက်သာနေ၏။ ကွန်စုကား စိတ်ထဲတွင် အမျိုးမျိုးဖြစ်ပျက်၍ နေသော်လည်း ဣန္ဒြေမပျက်သည့်ပုံကိုဆောင်ကာနေ၏။

မော်တော်ကားမောင်းလာသူ မောင်လှမောင်မှာလည်း ချက်ချင်း ပင် မော်တော်ကားပေါ်မှဆင်းကာ မော်တော်ကားစက်ဖုံးကိုဖွင့်၍ ဘာလုပ်မှန်းမသိ ဟိုလုပ်သည်လုပ်နှင့်နေ၏။ ငါးမိနစ်ခန့်ကြာ၍ သွား၏။ စက်ကိုနှိုး၏။ ခမျာ မော်တော်ကားကြီးမှာလည်း ဇရာဒုဗ္ဗလ

မောင်လူအေးလည်း ကွန်စုစိတ်ထဲတွင် မည်သို့ရှိနေသည်ကိုမသိ။
မိမိတို့နှစ်ယောက် မိတ္ထီလာအလုပ်သင် ကောလိပ်ကျောင်း၌ နံနက်ခင်းမြင်းပေါ်မှကျပုံ၊
မိတ္ထီလာကန်နဖူးတွင် ကြည်နူးစွာ ညနေခင်းလမ်းလျှောက်ကြပုံ၊
တရားမမြို့အုပ် ဦးဝင်းအား မြင်းဆွဲပြေးပုံ၊ တနင်္ဂနွေ တစ်ပတ်တစ်ကြိမ်ထုတ်သော
“သဟာယ”ခေါ် သတင်းစာအယ်ဒီတာချုပ် မြို့အုပ်ဦးလှဖေက
မိမိတို့နှစ်ယောက်အား စောင်းပါးရိပ်ခြည်ရေးပုံ၊
ကျောင်းအုပ်ကြီးမစ္စတာ ဂရေဟန်မှာ  စကားပြောနေရင်း အိပ်ငိုက်ပုံအကြောင်းတို့ကို
ပြောကြားရယ်မောကာလာခဲ့၏။ ကွန်စုက ‘ဟုတ်တယ်’၊ ‘အင်း’ အစရှိသည်တို့နှင့်သာ
အချိန်ကုန်လွန်စေ၏။ မိမိကမူကား ပြောကြားခြင်းကိုမပြု၊
အိမ်သို့ မြန်မြန်ရောက်ပါစေတော့ဟူ၍သာလျှင် တောင့်တ၍နေ၏။

အရွယ်သို့ ကျရောက်နေပြီဖြစ်သောကြောင့် မတုန်မလှုပ် ရပ်မြဲအတိုင်း ရပ်လျက်နေ၏။ အသက်ရှူခြင်းမပြု၊ အဆုံးစွန်သောဘဝသို့ ရောက်သွား ပြီလော။ မည်သူမျှမပြောနိုင်။

မောင်လှမောင်လည်း စက်၏အဖုံးကို ဖွင့်ရပြန်၏။ ဟိုလုပ် သည်လုပ်နှင့် လုပ်ရပြန်၏။ ငါးမိနစ်ခန့် ကြာပြန်၏။ စက်နှိုးပြန်၏။ နှိုး၍မရ။ ကွန်စု၏စိတ်ထဲတွင် ဝမ်းနည်းရမလိုလိုဖြစ်၏။ စိတ်ဆိုး ရမလိုဖြစ်၏။ မောင်လှမောင်အား စိတ်ဆိုးရမည်မလိုလို၊ အပြစ်တင်ရ မလိုလိုဖြစ်၏။ သို့သော် စကားတစ်ခွန်းကိုမျှမပြော။ မိမိကိုယ်တိုင် အောက်သို့ဆင်းကာ ဖွင့်၍ထားသောစက်များကို ဟိုလုပ်ဒီလုပ်နှင့် နေ၏။ ကွန်စုမှာ သစ်ပင်တွေစွဲကပ်သော မှိုရောဂါတို့သာ နိုင်ရှာ၏။ မော်တော်ကား ပျက်ခြင်းကိုကား ပျောက်ကင်းအောင် အဘယ်မှာ တတ်နိုင်အံ့နည်းဟု မောင်လူအေးက ရယ်စရာပြော၏။ ကွန်စုလည်း ရှက်ရှက်နဲ့ပင် ရော၍ရယ်၏။ မမြသန်းကား မတုန်မလှုပ်နေ၏။

မောင်လှမောင်မှာ စက်နှိုးရဖန်များသောကြောင့် ချွေးတလုံးလုံး နှင့်နေ၏။ ကြေးငွေကုန်မည်စိုးသောကြောင့် မော်တော်ကား မောင်းသမားကောင်းကောင်းကို မငှားမိသည်မှာ မှားလျက်နေ၏။ မောင်လှမောင်လည်း မော်တော်ကားမောင်းတတ်ခါစဖြစ်သောကြောင့် ပျက်နေသော မော်တော်ကားဟောင်းကြီးကို ကောင်းလာအောင် အသို့တတ်နိုင်အံ့နည်း။ မောင်လှမောင် ချွေးထွက်သကဲ့သို့ ကွန်စုလည်း ချွေးတလုံးလုံးနှင့်နေ၏။ စိတ်ထဲတွင် မည်မျှအိုက်နေသည်ကိုကား ဆိုဖွယ်မရှိပြီ။ ဤသို့ စက်ကိုနှိုးချည်၊ အောက်သို့ဆင်းချည်နှင့် လုပ်နေ သည်မှာ နာရီဝက်ခန့်ကြာ၍လာခဲ့သည်။ ကိုယ်တော်မြတ်ကားကြီး မှာလည်း ရပ်မြဲတိုင်းပင် လမ်းမအလယ်တွင် ရပ်လျက်နေသောကြောင့် လမ်းတွင်သွားလာနေကြသော မော်တော်ကား၊ မြင်းရထားတို့မှာလည်း လမ်းဘေးမှာ ရှောင်ရှား၍ သွားကြရကုန်၏။ မော်တော်ကား၊ မြင်းရထားမောင်းသူတို့ကလည်း ဤသို့ လမ်းအလယ်တည့်တည့်တွင် ရပ်နေရမည်လားဟု ဒေါသထွက်သော မျက်နှာထားမျိုးနှင့် စောင်း၍ ကြည့်သွားကြကုန်၏။ ဤသို့ ကြည့်သွားကြသည်ကို မမြသန်းမြင်လျှင် ရှက်ချင်ချင်၊ ကွန်စု၏အရှက်က ဆိုဖွယ်မရှိပြီ။

မော်တော်ကားကြီး ပျက်စီး၍ နေရာအနီးအနားရှိအိမ်များမှ ကလေး များ၊ အလိုက်ကမ်းဆိုးမသိသော လူကြီးများ၊ လမ်းသွားလမ်းလာ ကုလားအချို့တို့မှာလည်း အားမနာ၊ ဝိုင်းအုံကာ ကြည့်နေကြကုန်၏။ မမြသန်းလည်း မျက်နှာထား ခပ်ခက်ခက်၊ မောင်လူအေးမူကား ကွန်စု ရှက်မည်စိုး၍ အောက်သို့ဆင်းကာ ဟိုပြောသည်ပြောနှင့်နေ၏။ ကွန်စုကား မောင်လှမောင်အား ဝိုင်းဝန်းကူညီကာနေလေသတည်း။

ဤသို့ ကူညီနေဆဲ မူလီတစ်ခု ကျသွားသဖြင့် ငုံ့၍ကောက်လိုက်ရာ မျက်စိတွင် တပ်ထားသော မျက်မှန်ကြီးမှာ ကျွတ်၍သွားပြီးလျှင် မြေအပြင်၌ အစိတ်စိတ်အမြွာမြွာကွဲ၍သွားရှာ၏။ အနားတွင် ရပ်ကြည့် နေသော ကလေးတို့နှင့် ကုလားများလည်း အားရပါးရ ဝါးခနဲ ရယ်မော ကြကုန်၏။ ကွန်စု စိတ်ထဲတွင် အသို့ရှိအံ့နည်း။ မောင်လူအေးလည်း မိမိခါးကြားတွင်ပါလာသော ခြောက်လုံးပြူးသေနတ်ဖြင့် အလွန် မိုက်ရိုင်းကြသည့် ရယ်မောသူတို့အား ပစ်ချင်စိတ်ပေါက်၏။ သို့သော် အစိုးရကို ကြောက်သောကြောင့် ရယ်သူတို့အား မရယ်ကြရန် ခပ်တည်တည်ပြော၏။


ခမျာမော်တော်ကားအိုကြီးမှာလည်း မည်သို့လုပ်၍မျှ မလှုပ်မရှား၊ စျာန်ဝင်စားနေသော ရဟန္တာကဲ့သို့ ငြိမ်သက်စွာနေတော့၏။ ဤသို့ အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်ချော့မော့၍တစ်တန်၊ ခပ်ထန်ထန် လုပ်၍တစ်မျိုး၊ ဝပ်လျှိုး၍တစ်ဖုံ၊ နည်းမျိုးစုံအောင် ကြိုးစားပါသော် လည်း မလှုပ်ရှားတော့မှ အနားတွင်ရပ်နေသော မြင်းရထားငှားပြီးလျှင် မောင်လူအေးတို့လင်မယားကို တင်ဆောင်ကာ မိမိအိမ်သို့ ခေါ်ခဲ့လေ သတည်း။ မော်တော်ကားကြီးကို ကားမောင်း လှမောင်နှင့် ထားခဲ့၏။

မောင်လူအေးတို့ရောက်လျှင် နှံ့စပ်အောင် လိုက်ပို့မည်။ မောင်လူအေးတို့ငြီးငွေ့သွားသည့်တိုင်အောင် လိုက်ပို့မည်ဟူ၍စိတ်ကူး ထားသော်လည်း အခုမှာ လိုက်၍မျှမပို့ရသေးမီ မီးရထားဘူတာရုံမှ အိမ်သို့အလာမှာပင် မော်တော်ကားကြီးသည် သဇီဝသဘောမှ နိဇီဝ သဘောသို့ ရွေ့လျော၍ သွားလေပြီတကားဟု စဉ်းစားကာ စိတ်အပျက် ကြီး ပျက်လျက်နဲ့ပင် မိမိနေအိမ်သို့ရောက်၍လာရ၏။ အိမ်သို့ရောက်သော အခါ အိမ်ရှေ့တံခါးပိတ်ထားသဖြင့် “ကိုခင်၊ ကိုခင်”ဟူ၍ အကြိမ်ကြိမ် အော်၍ခေါ်၏။ ဤသို့ “ကိုခင်၊ ကိုခင်”ဟု ပါးစပ်မှ အသံထွက်အော် လိုက်သည်နဲ့ အိပ်ရာမှ ယောင်နိုးလာ၏။ ကိုခင်လည်း အခြားအခန်းမှ ပြေး၍လာပြီးလျှင် အကြောင်းကိုမေး၏။ ကျွန်တော်ယောင်တာဟု ပြောမှ ကိုခင်လည်း မိမိအခန်းသို့ ပြန်၍သွား၏။ ကွန်စုလည်း မိမိ၏ အိပ်မက်ခန်းကို တွေးမိသဖြင့် ပြုံး၏။

၁၉၃၁ ခုနှစ်၊ ဩဂုတ်၊ ဂန္ထလောက။

ဝတ္ထုတို

## မောင်သုရေးသွင်




**အခန်း(၁)**

လူပျိုကြီး ကိုစောဆိုလျှင် ပင်လုရွာတွင် မသိသူရှိမည်မထင်။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်။ အလွန်ရိုးသား၍ အနေအေးသည်။ မိဘလက်ငုတ်လက်ရင်း လယ်ယာများနှင့် တစ်ကိုယ်တည်း လုပ်ကိုင်စားသောက်နေသူ။ ရပ်ထဲတွင်လည်း သာရေး၊ နာရေးများတွင် ရှေ့ဆုံးက ကူညီတတ်သူဖြစ်သည်။ အရပ်အမောင်း အသင့်အတင့်ရှိပြီး မျက်လုံးမျက်ခုံး ကောင်းကောင်း၊ ရင်အုပ်ကျယ်ကျယ်နှင့် ယောကျ်ားပီသသည်။ ရွာထဲရှိ မိဘအချို့ကတော့ ကိုစောကို သမက်တော်ချင်ကြသည်။ ကိုစောကတော့ အပူတွေမရှာပါရစေနဲ့ဗျာဟု အမြဲငြင်းလေ့ရှိသည်။ အကြိုက်မတွေ့သေးသည်လည်း ဖြစ်နိုင်သည်။

"ဝေ့...မောင်စော ဘာချက်လဲကွ"

"ဟာ...ဦးထိန်...လာဗျာ။ ထိုင်ပါဦး။ တောထဲက မှိုလေးရလာလို့ ပင်နံသီးလေးနဲ့ ချက်နေတာ"

"မင်းကြည့်ရတာ ပင်ပန်းပါတယ်ကွာ။ မိုးလင်းမိုးချုပ် တောထဲ။ ပြန်လာတော့လည်း ချက်ရပြုတ်ရ၊ လျှော်ရဖွတ်ရနဲ့။ မင်း....အိမ်ထောင်ပြုလိုက်ပါ့လားကွာ"

ချက်လက်စဟင်းအိုးထဲသို့ ပင်စိမ်းရွက်လတ်လတ်ဆတ်ဆတ်အုပ်ရင်း...

"ကျုပ်ယူလိုက်တဲ့ မိန်းမက ကျုပ်လိုဟင်းချက်မကောင်းရင် ဘယ့်နှယ့်လုပ်ရမလဲဗျ ဦးထိန်ရ။"

ခပ်တည်တည်နှင့် ပြန်ဖြေသော ကိုစောအားကြည့်ရင်း

"ဟာ ဒီကောင်ကွာ အကောင်းပြောတာကို လူကြီးလာနောက်နေတယ်၊ မယူပါနဲ့တော့ ငစောရာ၊ ငါမှားပါတယ်။ ဟား..ဟား..ဟား။ကဲ စကားပြောလို့လည်းကောင်းတယ်၊ ငါ ပြန်ဦးမယ် ငစောရေ"

"ဟုတ်ကဲ့ ဦးလေးရေ့။"

ဤလောကတွင် မိန်းမ မရှိသော ယောကျ်ား မတင့်တယ်ဘူးပေလော့။ တောတွေးတောင်တွေးနှင့် ကိုစောတစ်ယောက် တိုက်ပါများသော ကျောက်ရုပ်ကဲ့သို့ နဲ့ချင်လာလေပြီဖြစ်သည်။

**အခန်း(၂)**

"ဟဲ့....ချစ်စုမ"

"ညဉ်း... ဟိုဘက်ရွာကကောင်နဲ့ ပြတ်သွားပြီဆို။"

လယ်ထဲတွင် နှမ်းပေါင်းထိုးနေသော အပျိုတစ်သိုက် ဇာတ်လမ်းစကြလေပြီ။ ရွာထဲတွင် အပ်ပျောက်တာကစ၍ ဘယ်သူကတော့ ဘာတဲ့ အစရှိသဖြင့် စုံစီနဖာရွာထဲရှိ သတင်းအစုံ၊ ညက ကြည့်ခဲ့သောဇာတ်ကားမကျန် ထိုနေရာတွင် သိနိုင်လေသည်။ လက်လည်း အလုပ်လုပ်၊ ပါးစပ်လည်း အလုပ်လုပ်ကြ၏။

"ချစ်စုမ သူပြောတာဟုတ်လားဟ"

"အေး"

ချစ်စုမက စိတ်မရှည်သဖြင့် ခပ်ပြတ်ပြတ် အဖြေပေးလိုက်သည်။

"ညဉ်းမလဲ ဘယ်လိုဖြစ်တာလဲအေ၊ ကောင်လေးက ခပ်ချောချော၊ ဥစ္စာပေါ လေးကို"

အပြစ်တင်သောလေသံမျိုးကို ချစ်စုမကြိုက်။ သူ့အတွက်တော့ တစ်ယောက်မကောင်းလျှင် နောက်တစ်ယောက်။ လုပ်လက်စအလုပ် ခဏနားရင်း ပြန်ရန်တွေ့လိုက်သည်။

"ဟဲ့ ငါ့ဘာသာ တွဲချင်တွဲမယ်၊ ပြတ်ချင်ပြတ်မယ် ညဉ်းနဲ့ဘာဆိုင်လို့လဲ။ အဲ့လောက်ဖြစ်နေရင် နင်ယူလိုက်ပါ့လား"

"အေးပေါ့ တို့က နင့်လောက်မလှလို့ ဟေ့၊ သိပြီလား"

ပြောမည်ဆိုလည်း ပြောလောက်ပါပေသည်။ ချစ်စုက ရွာတွင် ကွမ်းတောင်ကိုင်၊ မျက်နှာဝိုင်းဝိုင်း နှာတံပေါ်ပေါ်၊ အသားဖြူဖြူလေးနှင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လှသည်။ ထို့ပြင် ချစ်စုမ၏ မျက်လုံးကလေးများသည် အလွန်လှသည်ဟု လူတိုင်းပြောကြသည်။ ဤဂုဏ်ပုဒ်များကြောင့် ပိုးပန်းသူများလှသည်မှာ အဆန်းဟုတ်မည်မထင်။ ရွာထဲတွင် သာမက အနီးအနားရွာများအထိ ချစ်စု၏ အလှသတင်းမှာ ကျော်စောလှသည်။ လှသလောက် ရည်းစားလည်း များလှသည်။ သူ့အတွက်ရည်းစားထားရသည်မှာ ထမင်းစား၊ ရေသောက် အလုပ်ကဲ့သို့ဖြစ်သည်။

"ဟဲ့ ဒါနဲ့ ညဉ်းတို့ သူကြီးသမီးလေးနဲ့ လူပျိုကြီးအကြောင်း ကြားပြီးပြီလား တော့"

"ဟုတ်လား ဘာများလဲ လုပ်စမ်းပါဦး မိပုရဲ့။ ဒါမျိုးဆို ပိုစိတ်ဝင်စားတယ် တော်ရေ။" မိပုဆိုသူက မျက်နှာအမူအရာ ဟန်ပန်အပြည့်နှင့်ဆက်၍ "ဟိုနေ့က ကိုစောကို သူကြီးတို့အိမ်က ထမင်းဖိတ်ကျွေးတယ်လေ၊ ညဉ်းတို့ သိတယ်မို့လား"

"သိပ့ါတော် ကျုပ်တို့တောင် ထူးတယ်လို့တွေးနေတာ၊ အဲဒီနေ့က ဘာများဖြစ်လို့လဲတော့၊ ဆက်ပါအုံး မိပုရဲ့"

"အေး...သူကြီးတို့လင်မယားက သူ့သမီးလေးနဲ့ နေရာချထားပေးချင်လို့ ခေါ်နားဖောက်တာတဲ့ တော်ရေ။"

"ဟယ်.....အဲတော့ ကိုစောကြီးက လက်ခံလိုက်လားတော့။" အားလုံးမေးခွန်းက တညီတညာ ထွက်လာသည်။ မပုက မျက်နှာရှုံ့မဲ့၍...

"ထုံးစံအတိုင်းပေါ့အေ"

"ဟာ....." အားလုံးသက်ပြင်းကိုယ်စီနှင့် ဇာတ်လမ်းကောင်းခန်းရောက်မှ မီးပျက်လေသည်။

"ကဲကဲ တို့လူပျိုကြီးက ဘယ်တော့မှ စွံမှာမဟုတ်ဘူး၊ ကိုယ့်အလုပ်ကို ဆက်လုပ်ကြဟေ့"

တလှုပ်လှုပ်နှင့် နေပူပြင်အောက်တွင် အလုပ်သမလေးများ ပေါင်းပေါက်နေသည်မှာ ငုံ့လိုက်မော့လိုက်နှင့် ယိမ်းကနေသယောင်။

"ညနေကျ ညဉ်းရေခပ်လာမှာလား ချစ်စုမ"

"လာမှာ မမ၊ စောင့်ဦးနော်၊ မစောင့်ရင်တော့ ချစ်စု စိတ်ဆိုးလိုက်မှာ"

"အမလေး..... စိတ်တော့မဆိုးပါနဲ့ စောင့်ဆိုစောင့်ပ့ါမယ်။"

"ဒါမှ တို့မမ"

ကလေးကဲ့သို့ ချွဲနွဲ့ဆိုးတတ်သည်မှာ ချစ်စု၏ ကျွမ်းကျင်မှုတစ်ခုပင်။ သီချင်းတအေးအေးနှင့် လုံမေများ၏ ရွာအပြန်တောလမ်းတစ်လျှောက် ဖုန်လုံးများ တလိမ့်လိမ့် တက်နေပါတော့သည်။ လွမ်းမောစရာ အညာရှုခင်းတစ်ခုပင် ဖြစ်သည်။

**အခန်း(၃)**

ပင်လုရွာတစ်ရွာလုံး ပွက်လောရိုက်သွားစေသည့် သတင်းတစ်ခု ပေါ်ထွက်လာလေသည်။ ကြားရသူအပေါင်း ပါးစပ်အဟောင်းသားနှင့်။ တချို့က မယုံတစ်ဝက် ယုံတစ်ဝက်နှင့်။ တချို့ဆိုအကြမ်းရေသောက်ရင်း တီးလို့တီး။ မည်ကဲ့သို့ သတင်းမျိုးပါလိမ့်။ သတင်းမှာ လူပျိုကြီးကိုစောနှင့် ချစ်စုတို့ လက်ထပ်ကြတော့မည်ဟူ၍ဖြစ်သည်။ လူပျိုကြီး ကံကောင်းတယ်၊ လူပျိုကြီးသနားစရာပါ၊ ကောင်မလေးက အရမ်းရှုပ်တာ စသည်ဖြင့် လူတိုင်းပါးစပ်ဖျားတွင် မရပ်မနား ရေပန်းစားနေသည်။

"ကိုကို... ချစ်စုကို တကယ်ရောချစ်လား"

ချွဲချွဲနွဲ့နွဲ့နှင့် ရင်ခွင်ထဲအတင်းတိုးဝင်လာသော ချစ်သူ ပူပူနွေးနွေးလေးကိုကြည့်ရင်း ကိုစောရင်ထဲ ဗလောင်ဆူနေသည်။ ကိုကို ဟူသော ခေါ်သံလေးမှာ နားထဲမှ အကြောပေါင်းများစွာ စိမ့်ခနဲနေအောင် သာယာလှသည်။ မမြင်ဘူးမူးမြစ်ထင်လေပြီ။

"ချစ်...ချစ်...ချစ်တာပေါ့ ချစ်စုရဲ့"

အရေးထဲမှ စကားများလာထစ်နေလေပြီ။ တစ်ခါမှ ချိန်းမတွေ့ဘူးသည့် လူပျိုကြီးဒုက္ခ တွေးကြည့်ပါတော့။

"ကိုကိုက ချစ်တယ်သာပြောတယ် ချိန်းတွေ့ဖို့တောင် ချစ်စုက ချိန်းရတယ်၊ ဟင်း....ဘာလဲ ကိုကိုက ချစ်စုက စချစ်တယ်ဆိုပြီး အထင်သေးတာလား"

"မ...မ...မဟုတ်ပါဘူး.....ချ...ချ.."

"ကဲကွာ... ဖြောင်း ..ထစ်ချင်အုံး"

ရင်တွေအခုန်လွန်ပြီး စကားတွေ ထစ်နေလို့ ကိုယ့်ပါးကိုယ်တီးနေရတဲ့ လူပျိုကြီးအဖြစ်။

"မဟုတ်ပါဘူး ချစ်စုရယ်၊ ကိုကို ချစ်စုကို ချစ်ပါတယ်။ ချိန်းတွေ့ဖို့ မအားသေးလို့ပါနော်...နော်လို့"

လူပျိုကြီးချော့လေ အမူပိုပြလေဖြစ်သည်။

ချစ်သူနှစ်ဦး၏ ကြည်နူးမှုများ ပတ်ဝန်းကျင်သို့ ကူးစက်သွားလေသည်။ မြင်မြင်သမျှ ကိုစောအဖို့တော့ ကြည်နူးစရာများပင်ဖြစ်သည်။ ချစ်သူကလေးနှင့် ဘဝတစ်ခု ထူထောင်ရမည်ကိုတွေးရင်း ကိုစော ပို၍ပျော်နေမိသည်။ သစ်ရွက်ကလေးများလှုပ်သည်ပင် ချစ်သူ၏အသံလေလား ထင်မိပါတော့သည်။ ဩော် လူပျိုကြီးအချစ် အမြစ်ခိုင်လေပြီ။

**အခန်း(၄)**

"ဘယ်လို ချစ်ရဲ့၊ ရန်ကုန် အလုပ်သွားလုပ်ဦးမယ် ဟုတ်လား။ မင်္ဂလာဆောင်ဖို့ လေးလလောက်ပဲ လိုတော့တယ်လေ။"

ကိုစော၏အသံများ ကြေကွဲမှုနှင့် ရောထွေးနေလေသည်။ ဘယ်လိုမှ ချစ်သူလေးအား စိတ်မချနိုင်ဖြစ်နေလေသည်။

"ကိုကိုကလည်း ချစ်က သုံးလပဲ သွားမှာ၊ အဲ့ဒါလည်း ကိုကိုနဲ့ လက်မထပ်ခင် နောက်ဆုံးအလည်အပတ်ထွက်တယ်လို့ သဘောထားပေးပါ ကိုကိုရဲ့၊ မင်္ဂလာဆောင်ပြီးရင် ချစ် ဘယ်မှမသွားဘူးလို့ ကတိပေးပါတယ်။ နော်လို့ ကိုကို... နော်"

ရင်ခွင်ထဲ အတင်းဝင်ချွဲနေသော ချစ်သူလေး၏ အသံကြောင့် ကိုစောနှလုံးသားများ တအိအိအရည်ပျော်ကုန်ပြီထင်သည်။ ဒီလိုဆိုတော့လည်း ဟုတ်ရှာမှာပါလေ။ ငယ်ရွယ်သူလေးပဲကို။ ချစ်သူလေး၏ အလိုဆန္ဒလိုက်လျောပေးရန် ကိုစောနှလုံးသားများက အမိန့်ပေးနေလေသည်။

"ချစ်...တကယ် သုံးလပဲနော်။ ကိုကို လွမ်းနေမှာ။ ချစ်က အလွန်သွားချင်နေလို့သာ။" လမင်းကဲ့သို့ ဖြူဖွေး ချစ်စရာကောင်းနေသော ချစ်သူ့မျက်နှာလေးအား ကိုစော တဝကြီးကြည့်နေမိသည်။

"အင်းပါ ကိုကိုရဲ့။ စိတ်ချပါ။ ကိုကို့ဆီ ချစ်ကပြန်လာမှာပဲကို၊ ရုပ်ကြီးက မဲ့မနေနဲ့။ ပြုံးပြုံးနေ။ ဟီး...ဟီး"

အတတ်နိုင်ဆုံး မချိပြုံးလေးပြုံးပြရင်း

"ချစ် ရွာထိပ်မှာ ညနေတိုင်း ချစ်ပြန်မလာမချင်း ကိုယ်စောင့်နေမယ်နော်။"

"အင်းပါ ကိုကိုရဲ့။ အဲဒါကြောင့် ကိုကို့ကို ချစ်က အများကြီးချစ်တာ။"

"ကဲပါ ချစ် ဘယ်နေ့သွားမှာလဲ၊ ကိုကို ကားဂိတ်လိုက်ပို့မယ်လေ။"

"မနက်ဖြန်ညနေသွားမှာ ကိုကို။"

ရင်ထဲမှာ တိုး၍သာ ဖက်ထားချင်ပါဘိ။ မင်းမရှိတဲ့နေ့ရက်တွေ စိတ်ကူးနဲ့တောင် ရေတွက်လို့မရဘူးချစ်ရယ်။ ကိုစောရင်ထဲ သောကမီးများ တမြေ့မြေ့လောင်နေလေပြီ။ တစ်စတစ်စ လက်ပြရင်း ကျန်နေခဲ့လေပြီ။ ထွက်ခွာသွားသော အဝေးပြေးကားကြီးပေါ်မှ ခုန်ထွက်လာသော ချစ်သူကိုယ်သင်းရနံ့ တချို့တစ်ဝက်အား ကိုစောရင်ထဲ ဖမ်းဆုပ်ထားမိသည်။ ဩော်...လွမ်းရပေ့ါချစ်ရေ၊ ပါးပြင်ပေါ် စီးကျလာသော မျက်ရည်စများအား မသုတ်ရက်ပါ။ ဒါ အလွမ်းသက်သေတွေလေ။

**အခန်း(၅)**

"ဟေးလားကွယ်မောင်တို့...ဟေးလား ကွယ်မောင်တို့ တူးစမိုးရယ် သောသောသည်၊ ဩော်...ဝမ်းစမိုး ဝမ်းစမိုး...ဟား...ဟား... ဟား

ချစ်ရေ...ချစ်ရေ နောက်မခေါ်တော့ဘူး....အီးဟီးဟီး.. ဟိုမှာ လာပြီကွ၊ ပြန်လာပြီကွ ဝေးဟေးဟေး..."

"ဟဲ့ အရူး၊ ဩော်...အရေးထဲမှ သူများအိတ် လာဆွဲနေသေးတယ်၊ ငါရိုက်လိုက်ရ။"

ပင်လုရွာထိပ် ရွာဦးစေတီနားတွင် ရောက်လာသမျှလူအားလုံး၏ ခရီးဆောင်အိတ်များအား လိုက်လုနေသော စုတ်ပျက်ညစ်ထေးနေသော အဝတ်အစားများနှင့် အရူးတစ်ယောက်။ ငိုလိုက်၊ ရီလိုက်နှင့် နေ့မအိပ်၊ ညမအိပ် တစ်စုံတစ်ယောက်အား စောင့်မျှော်နေဟန်တူသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က....

"မမ တကယ်ပဲပြောတာလား"

"ကျွန်မကို ကိုစောက ပြန်ချစ်ရင်၊ တကယ်ပဲ ငွေဆယ်သိန်းပေးမှာလား။"

ညနေရေခပ်ဆင်းချိန် ရေတွင်းအနီး သူကြီးသမီး သီတာချမ်းမြနှင့် ချစ်စု အချေအတင် စကားပြောနေကြသည်။

"အေး...ပေးမယ်။ တကယ်ချစ်ပြီး ယူမသွားနဲ့နော်။ သူ့အသဲကွဲရုံပဲ"

"ဟား...ဟား ချစ်စုတို့က ဒါမျိုးတော့ အေးဆေး၊ မမသာ ပိုက်ဆံပေးဖို့ပြင်ထား။"

"ငါ့လိုလူကိုငြင်းရအောင် ဒင်းက ဘာမို့လို့လဲ၊ သီတာ့အကြောင်း သိရမယ်" အံ့ကိုတင်းတင်းကြိတ်ရင်း သီတာ မဲ့ပြုံးပြုံးလိုက်သည်။ ကိုစောကို သဘောကျ၍ မိဘများအား နားဖောက်ခိုင်းစဉ်က ကိုစောပြောသော စကားသံများ သီတာ့နားထဲ ပြန်လည်ကြားယောင်လာသည်။

"အားတော့နာပါတယ် သူကြီးရယ်၊ ကျွန်တော်က သီတာ့ကို ငယ်ငယ်ကတည်းက ညီမလေးလိုပဲ ချစ်တာပါ။"

ရက်၊ လ၊ နှစ်များ အလီလီပြောင်းသော်လည်း ပင်လုရွာထိပ် ရွာဦးစေတီနားတွင် ခရီးဆောင်အိတ်များ လိုက်လုဆွဲတတ်သော အရူးတစ်ယောက်ကို ယခုတိုင်တွေ့မြင်နိုင်သည်။ ထိုသူမှာတော့......

*

ဆောင်းပါး

# ခေတ်ရေစီးကြောင်းလား မြောင်းပုပ်ရေစီးကြောင်းလား

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ကျွန်ုပ်တို့လူသားများ အသက်ရှင်နေထိုင်နိုင်ရေးအတွက် စားဝတ်နေရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ ထို့ပြင် လူသားတို့သည် အဆင့်မြင့်သော လူမှုဆက်ဆံရေးပုဂ္ဂိုလ်များဖြစ်သည်။ လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံလာရသောအခါ မိမိ၏ဝတ်စားဆင်ယင်မှုသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်ပါသည်။ မိမိတို့၏ အသက်အရွယ်၊ ဂုဏ်သိက္ခာ၊ နေရာဒေသတို့အပြင် အခြေအနေနှင့် အချိန်အခါအရ ဝတ်ဆင်တတ်ရန်လိုပေသည်။

လူမှုနယ်ပယ်တွင် “တောင်းမှာအကွပ် လူမှာအဝတ်”ဟူ၍ ဆိုရိုးစကားလည်း ရှိပေသည်။ အကွပ်မရှိသောတောင်းတွင် နှီးစများမှာ ထိုးထိုးထောင်ထောင် ထွက်နေမည်ဖြစ်သည်။ သပ်ရပ်မှုမရှိသည့်အပြင် ကြာရှည်ခိုင်ခံ့မည်လည်းမဟုတ်ပေ။ အကွပ်မရှိခြင်းသည် အထိန်းအသိမ်းမရှိခြင်းသဘောကို ဆောင်ပေသည်။ လူတို့သည်လည်း မိမိလူမျိုး၏ဝတ်စုံကို နေရာဒေသ၊ အချိန်ကာလအလိုက် ဝတ်ဆင်တတ်ဖို့ လိုပါသည်။ ထိုသို့မဟုတ်ဘဲ ကပိုကရို၊ ဖရိုဖရဲ ဝတ်ဆင်ပါက မိမိလူမျိုး၏ ဂုဏ်သိက္ခာ အဆင့်အတန်းကို ထိခိုက်စေပါသည်။ ထို့ပြင် သူတစ်ပါး၏ အထင်အမြင်သေးခြင်းကိုလည်း ခံရတတ်ပါသည်။

အဝတ်အစားဝတ်ဆင်ခြင်းမှာ အရှက်တရားကို လုံခြုံစေရန်၊ ရာသီဥတုဒဏ်ကိုခံနိုင်၍ အပူအအေး မျှတစေရန်၊ မိမိလူမျိုး၏ ဝိသေသဂုဏ်ကို ဖော်ဆောင်နိုင်စေရန်တို့ကြောင့် ဖြစ်သည်။ အဝတ်အစား ဝတ်ဆင်သည်ဆိုရာတွင်လည်း မိမိအရွယ်၊ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် လိုက်လျောညီထွေ ရှိသင့်ကြပေသည်။ ဆယ်ကျော်သက်အရွယ် လူတစ်ဦးက ခြောက်ဆယ်ကျော်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ထားလျှင် လူရယ်ဖွယ် ဖြစ်ပေလိမ့်မည်။ ထို့အတူပင် ခြောက်ဆယ်ကျော်အရွယ်လူတစ်ဦးက ဆယ်ကျော်သက်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ပြန်ပါက လူအများကဲ့ရဲ့ဖွယ် ဖြစ်ပေတော့မည်။ ထို့ပြင် မင်္ဂလာပွဲသို့သွားသော အဝတ်အစားမျိုးနှင့် အနိဋ္ဌာရုံကိစ္စများကို သွားမည်ဆိုလျှင် မသင့်တော်ပေ။ ထို့ကြောင့် ကာလ၊ ဒေသ၊ အခြေအနေကိုလိုက်၍ ဝတ်ဆင်သင့်ပေသည်။

မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောလူမျိုးဖြစ်ပေသည်။ ထို့ကြောင့် ဝတ်စားဆင်ယင်ပုံ ဓလေ့များမှာလည်း ကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်နေပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးများထဲတွင် မြန်မာတို့၏ဝတ်ဆင်ပုံမှာ ထူးခြားနေရုံသာမက မြန်မာတို့ကို ယဉ်ကျေးသိမ်မွေ့သူများအဖြစ် မှတ်တမ်းဝင်နေပါသည်။ ရှပ်အင်္ကျီ၊ ကော်လာအင်္ကျီလက်ရှည်နှင့် တိုက်ပုံအင်္ကျီတို့မှာ မြန်မာအမျိုးသားဝတ်စုံဖြစ်သည်။ ယောထဘီနှင့် ရင်စေ့အင်္ကျီလက်ရှည်၊ ရင်ဖုံးအင်္ကျီတို့မှာ မြန်မာအမျိုးသမီးဝတ်စုံပင်ဖြစ်သည်။

တောင်းမှာအကွပ် လူမှာအဝတ် ဆိုသည့်အတိုင်း ဝတ်စားဆင်ယင်မှုတွင် အရေးကြီးလှပါသည်။ စနစ်တကျသေသပ်စွာ ဝတ်ဆင်မှုဓလေ့မှ အရာရာတွင် စည်းကမ်းရှိသော အလေ့အကျင့်ကောင်းများကို ရရှိစေပါသည်။ တောင်းတွင်အကွပ်သည် “ တောင့်တင်းခိုင်မာ လှပမှု ” ကို ဖြစ်စေပါသည်။ ထို့အတူ လူတို့တွင်အဝတ်သည် “ စည်းကမ်းရှိခြင်း၊ မရှိခြင်း ” ကို ဖြစ်ပေါ်စေပါသည်။

မြန်မာလူမျိုးတို့၏ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဆန့်ကျင်သော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ရပါမည်။ ယနေ့ကာလတွင် ဆက်သွယ်ရေးနည်းပညာများကြောင့် နိုင်ငံအချင်းချင်း ဆက်သွယ်ရာတွင် ပို၍လွယ်ကူလာပါသည်။ တိုင်းတစ်ပါးတို့၏ အဝတ်အစားယဉ်ကျေးမှုများသည် ရုပ်ရှင်၊ ဂီတတို့မှ တစ်ဆင့်မြန်မာလူငယ်များထံသို့ထိုးဖောက်ဝင်ရောက်လာနေပြီဖြစ်သည်။ လူငယ်လူရွယ်တို့သည် အသစ်အဆန်းကိုမြင်လျှင် အတုယူချင်ကြသည်။ စကတ်အတို၊ ဘောင်းဘီအတို၊ ဘောင်းဘီအစုတ်အပြဲ၊ စကတ်အပြဲ၊ ရင်ဟိုက်အင်္ကျီ စသည်တို့ကို အဆန်းထွင်၍ ဝတ်ဆင်လာကြသည်။ ယနေ့ခေတ်အခါတွင် မလုံ့တလုံအဝတ်အစားနှင့် မိန်းမပျိုလေးများကို စိတ်မချမ်းမြေ့စရာ တွေ့မြင်နေရပေသည်။ ထိုမိန်းမပျိုလေးများကို မြင်သူတိုင်းက ကြည့်တတ်ကြသော်လည်း အထင်ကြီးသည့်အကြည့်မျိုး မဟုတ်ပေ။ သရုပ်ပျက်အဝတ်အစားများကြောင့် မိန်းမပျို၏ နုပျိုစင်ကြယ်သောဂုဏ်ကို ကျဆင်းစေပါသည်။

ထိုသို့ပြောဆိုခြင်းကြောင့် ဝတ်စားဆင်ယင်မှုတွင် ခေတ်နှင့်အညီ ပြောင်းလဲဝတ်ဆင်ခြင်း မပြုသင့်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ရာသီဥတု အချိန်အခါအလိုက် ပေါ့ပေါ့ပါးပါး ဝတ်ဆင်နေထိုင်ခြင်းကိုမူ ပြုသင့်ပါသည်။ တိုးတက်လာသော စက်မှုလက်မှုနှင့် နည်းပညာခေတ်တွင် အချို့သောအဝတ်အစားများကို ပြောင်းလဲဝတ်ဆင်သင့်ပါသည်။ ဥပမာအားဖြင့် အရှိန်ဖြင့် လည်ပတ်နေသော စက်ပစ္စည်းအလုပ်ရုံများကြားတွင် တောင်ရှည်ပုဆိုးကိုဝတ်ဆင်ပြီး လုပ်ငန်းခွင်ဝင်၍ မဖြစ်ပါ။ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ပုံကို ခေတ်နှင့်အညီ ဆန်းသစ်လှပစေရန် ပြုပြင်ဖန်တီးမှုကို လက်ခံရပေမည်။ သို့သော် တိုင်းတစ်ပါးယဉ်ကျေးမှုများကို အပုံလိုက်၊ အခဲလိုက် အတုယူခြင်းမျိုးကိုဖြင့် ရှောင်ကြဉ်ကြရပေမည်။ ခေတ်ရေစီးကြောင်းကို အပြစ်မဆိုလိုပါပေ။ သို့သော် မြောင်းပုပ်ရေစီးမှုမျိုးကိုဖြင့် ကာကွယ်တာဆီးကြရပါမည်။

တိုင်းတစ်ပါးမှ သရုပ်ပျက်အဝတ်အစားများကို အတုယူဝတ်ဆင်ပြီး ခေတ်နှင့်အညီ ရင်ပေါင်တန်းသည်ဟု ဆိုခြင်းမှာ ခေါင်းစဉ်လှလှပေးပြီး အယူအဆမှားနေခြင်းသာဖြစ်သည်။ ပညာရှာဖွေသင်ယူခြင်း၊ အလုပ်ကြိုးစားခြင်း၊ စည်းကမ်းရှိခြင်းတို့ကိုသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းအောင် ကြိုးစားသင့်ကြပေသည်။ မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေရှိသောအချက်များကိုသာ လက်ခံသင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်မညီသော ဝတ်စားဆင်ယင်မှုမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ ထို့ကြောင့် ချစ်စရာမြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ခေတ်ရေစီးကြောင်းနှင့် မြောင်းပုပ်ရေစီးကြောင်းများကို ခွဲခြားသိမြင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

> **“တောင်းမှာအကွပ် လူမှာအဝတ် ဆိုသည့်အတိုင်း ဝတ်စားဆင်ယင်မှုတွင် အရေးကြီးလှပါသည်။ စနစ်တကျသေသပ်စွာ ဝတ်ဆင်မှုဓလေ့မှ အရာရာတွင်စည်းကမ်းရှိသော အလေ့အကျင့်ကောင်းများကို ရရှိစေပါသည်။ တောင်းတွင်အကွပ်သည် “ တောင့်တင်းခိုင်မာ လှပမှု”ကို ဖြစ်စေပါသည်။ ထို့အတူ လူတို့တွင် အဝတ်သည် “ စည်းကမ်းရှိခြင်း၊ မရှိခြင်း ” ကို ဖြစ်ပေါ်စေပါသည်”**

## စံပြုထိုက်ပေ တို့စာပေ

စာပေနှင့် လူမျိုး
တန်ဖိုးကို မြှင့်တင်ပါ။
မြန်မာစာ မြန်မာစကား
ရေးသားကြရာ၊
မမှားဖို့ လိုအပ်တာ
သဒ္ဒါကို မှန်အောင်သုံး။
သတ်ပုံတွေ သေချာစစ်
ကျစ်လျစ်ဖွဲ့ထုံး။
ရွေးချယ်ပါ စကားလုံး
သီကုံးလို့ အလှဆင်။
ကာရန်ကို အဓိက
သိကြဖို့ပင်။
သုတ၊ရသ စုံစုံလင်
မြော်မြင်ကာ စပ်ဆိုရေး။
စာဆိုရှင် ကဝိများကို
လေးစားရသေး။
ကလောင်ကို အစဉ်သွေး
ကြံစည်တွေး ကာရန်ဖွေ။
စာပေနယ် တစ်ခေတ်ဆန်း
ပွင့်လန်းလို့ဝေ။
လူမျိုးရဲ့ ဂုဏ်ကိုလေ
တင့်တယ်စေ ပိုမြင့်မား။
တို့စာပေ ယဉ်ကျေးမှုကို
စံပြုလို့ထား။ ။

ခင်နွဲ့မူ (ပုလဲ)

......................

## ဝိုင်းခြင်း အားကစား

ညနေစောင်းတဲ့အချိန်မှာ
ခါးတောင်းကျိုက်လို့သာ
စည်းလုံးညီညာ အားကစား
ဝိုင်းခြင်းခတ်စို့လား။
တစ်ယောက်အမှား တစ်ယောက်ကူ
မျှတ အပေးအယူ
စိတ်တူကိုယ်တူ မကျတမ်း
လှပအကွက်ဆန်း။
ကျန်းမာရွှင်လန်း အကြောပြေ
ရင်းနှီးချစ်မိတ်ဆွေ
ရိုးရာအမွေ လက်ဆောင်နှင်း
စဉ်လာမပျက်ယွင်း။
တို့မြန်မာ့ ဝိုင်းခြင်း။

မောင်စိုးငွေ (ကာသစ်မြေ)

## စံပြရပ်ကွက်

တစ်ရပ်ကွက်လုံး အမှိုက်ကင်းစင်
ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ။
စုပေါင်းကာ ကူညီခြင်းဖြင့်
သန့်ရှင်းလာရ။
အမှိုက်တစ်စ တွေ့ရှိက
တွေ့သူက ကောက်ကာဖယ်၊
လက်မနှေးတယ်။
ရှက်ကြောက်မှု မရှိဖွယ်
အသိဝယ် မြင့်မြတ်ရင်း။
ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ
လှပစေခြင်း။
အိမ် လမ်းတွေ သန့်ရှင်းလို့
မြို့တွင်း မြို့ပလည်း သာယာ၊
အမှိုက်ကင်းစင် စံပြ ပြုလျက်
ပေါင်းစုညီညာ။
ကလေး လူရွယ် လူကြီးမကျန်ပါ
ကျန်းမာစွာ ဖွံ့ဖြိုး၊
နိုးကြားစွာ ကြိုးစားကြတယ်
ကိုယ့်အားကိုယ်ကိုး။ ။

ကိုရွှေတောသား(ဆင်ကူး)

......................

## အမေ့ရွာ

ကွင်းကျယ်ဝေးဝေး မိုးအေးအေး
ကောက်ပင်လှိုင်ထ မြရောင်ပြေး၊
ခတ္တာဖြူဖွေး စိမ်းစိုလန်း
အမေနေတဲ့ရွာဝင်လမ်း။
ပြုံးရွှင်လက်ကမ်း ကြိုဆိုတာ
တောရွာလေးရဲ့ ဓလေ့ပါ၊
နွေးထွေးပျူငှာ ဧည့်ခံကျွေး
မြန်မာဆန်တဲ့ရွာကလေး။
ရပ်ဝေးဧည့်သည် လာရင်ကွယ်
ပစ္စည်းအထုပ်ကူပိုးသယ်၊
ရောက်ဖူးသူရယ် ပြန်တမ်းတ
ချစ်ဖွယ်ကောင်းတဲ့ရွာအလှ။
ပြန်ကြမယ်ဆို လက်ဆောင်ပေး
မြေပဲထန်းလျက် နှမ်းဆီမွှေး၊
နွေးထွေးမှုနဲ့ မေတ္တာပွား
ကျန်းမာပါစေရွာသားများ။ ။

သူရအောင် (ရွှေပြည်သာ)

# ကလောမြို့နယ် နန်းအွမ်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေမီတာ တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

ကလော ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြင်းမထိကျေးရွာအုပ်စု နန်းအွမ်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်း စစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် နန်းအွမ်ကျေးရွာတွင် ကျေးလက်ရေ ရရှိရေးအတွက် အရှည်ပေ ၉၂၀၀ ရှိ အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေမီတာတပ်ဆင် အသုံးပြုနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ကျေးရွာရှိအကျိုးပြုအိမ်ခြေ ၁၁၆ အိမ်၊ လူဦးရေ ၅၆၅ ဦး အတွက် အိမ်တိုင်ရာရောက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ညညဖ

# မလှိုင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

မလှိုင် ဒီဇင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ မီးငြိမ်းသတ်နည်းလက်တွေ့ သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၈ ရက်က မြို့မစည်ပင်သာယာဈေးအတွင်း၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ မြို့မစည်ပင်သာယာဈေး အလယ်ဗဟို၌ မြို့နယ်မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်လင်းက မီးသတ်ဆေးဘူးသုံးစွဲနည်းနှင့် ထားသိုသိမ်းဆည်းရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ဖြင့် 3D Nozzle ကိုအသုံးပြု၍ ဈေး အဆောက်အအုံများကို လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြ ဆောင်ရွက်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက မြို့မစည်ပင်သာယာဈေးအတွင်း ထားရှိသည့် မီးသတ်ရေလှောင်ကန်များ ရေဖြည့်ထားရှိမှု၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲ၊ လှေကား စသည့် မီးငြိမ်းသတ်ရေးအထောက်အကူပြု ပစ္စည်းများ ထားရှိမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မလှိုင် မြို့မစည်ပင်သာယာဈေးသည် စားသောက်တန်းများ၊ ကုန်စိမ်းတန်း၊သစ်သီးတန်း၊ သားငါးဆိုင်ခန်းများ၊ အဝတ်အထည်ဆိုင်များ၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုး အရောင်းဆိုင်များ စသည့် ဈေးဆိုင်ခန်းပေါင်း ၈၂၈ ခန်းကျော်ဖြင့် ဥပုသ်နေ့မှအပ နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မြို့ပေါ်နှင့် ကျေးရွာများမှ အားထားမှီခိုနေရသည့် ဈေးကြီးတစ်ခု ဖြစ်သည်။

ဝ၅ဝ



# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲ ပန်းတောင်းမြို့အထက၌ ကျင်းပ

ပန်းတောင်း ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၉ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်က မူးယစ်ဆေးဝါးများ ပေါ်ပေါက်လာပုံနှင့် ဆိုးကျိုးများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်ထွေးက ပြစ်မှု၊ ပြစ်ဒဏ်ဥပဒေကြောင်းရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းဘူးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်သန့်ဆေးဘူးများကို ကျောင်းသား ကျောင်းသူများအတွက်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ရေကြောင်းသတိပေးချက်

၁။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင်(အထူး)နှင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်၊ ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ရရှိထားသည့် Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက်ဖိုက်ဘာကေဘယ်သွယ်တန်းခြင်း လုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS.Nusantara Explorer ဖြင့် ပင်လယ်ကြမ်းပြင်ရှိ မြေဆိုင်ခဲများ သောင်တူးခြင်းလုပ်ငန်း (Pre Lay Grapnel Run-PLGR)ကို ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၈.၉၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၅ ဒီဂရီ ၄၂.၈၉၇ မိနစ် ၊ ၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၉.၁၈၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၂.၉၅၃ မိနစ်၊ ၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၇.၇၈၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၅၉.၆၇၁ မိနစ်၊ ၁၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၈.၈၄၂ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁.၅၀၆ မိနစ်၊ ၁၁-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆.၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၅၁၇ မိနစ်၊ ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆.၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၅၁၇ မိနစ်နှင့် ကေဘယ်တပ်ဆင်ခြင်း၏ အဓိကလုပ်ငန်းအဆင့် (Main Lay)ကို ၁၃-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆.၁၁၃မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၅၁၇ မိနစ်၊ ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆.၁၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၅၁၇ မိနစ်၊ ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀.၆၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉.၈၆၈ မိနစ် ၊ ၁၆-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀.၆၀၈ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉.၈၆၈မိနစ် ၊ ၁၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀.၄၉၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၇၉ မိနစ်၊ ၁၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀.၄၉၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၇၉ မိနစ်၊ ၁၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၅၇ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁.၁၉ မိနစ်၊ ၂၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၅၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁.၁၉ မိနစ်၊ ၂၁-၁၂-၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈.၂၅မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၄၈၁ မိနစ်၊ ၂၂-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈.၂၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၄၈၁ မိနစ်၊ ၂၃-၁၂-၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆.၆၁၂မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀.၆၉၉ မိနစ်၊ ၂၄-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆.၈၀၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၇၃၅ မိနစ်၊ ၂၅-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄.၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉.၅၆၅ မိနစ် ၊ ၂၆-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄.၂၆၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀.၉၃၁ မိနစ်၊ ၂၇-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅.၂၈၃မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၈.၂၉၈ မိနစ် ၊ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅.၀၄၁ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၀.၅၂၃ မိနစ်၊ ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၃.၈၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇.၉၂၃ မိနစ်၊ ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂.၅၆၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉.၉၀၃ မိနစ်၊ ၃၁-၁၂-၂၀၂၂ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂.၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇.၃၅၁ မိနစ်၊ ၁-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၁.၀၅၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၉.၀၂၂ မိနစ်၊ ၂-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၉.၇၄၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၇.၃၃၉ မိနစ် ၊ ၃-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀.၃၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၉.၅၀၂ မိနစ်၊ ၄-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၉.၆၇၈ မိနစ် ၊အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၁.၉၃၈ မိနစ်၊ ၅-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၇.၂၄၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၈.၈၉၇မိနစ်၊ ၆-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၆.၆၀၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၁၁.၀၁၉ မိနစ်၊ ၇-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄.၂၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၇.၅၅ မိနစ်၊ ၈-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၃.၃၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၉.၇၅ မိနစ်၊ ၉-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၁.၅၀၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၅.၁၂၃ မိနစ်၊ ၁၀-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀.၆၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၇.၆၀၂ မိနစ်၊ ၁၁-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉.၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၂.၉၇၈ မိနစ်၊ ၁၂-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈.၀၉၇မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၅.၀၉၆ မိနစ် ၊ ၁၃-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၇.၁၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁.၉၄၂ မိနစ်၊ ၁၄-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၆.၅၀၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၄.၁၇၄ မိနစ်၊ ၁၅-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၄၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁.၁၆၂ မိနစ်၊ ၁၆-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၁၁၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၃.၅၇၆ မိနစ်၊ ၁၇-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၈. ၈၄၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၁.၅၀၆ မိနစ်၊ ၁၈-၁-၂၀၂၃ ရက်နေ့တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၉.၃၁၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၃.၇၀၁ မိနစ် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်(Myanmar Exclusive Economic Zone)အတွင်း ၇-၁၂-၂၀၂၂ ရက်နေ့မှ ၁၂-၁၂-၂၀၂၂ ရက်နေ့အထိ Pre Lay Grapnel Run(PLGR) လုပ်ငန်းကိုလည်းကောင်း၊ ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၈-၁-၂၀၂၃ ရက်နေ့အထိ Main Lay ကေဘယ်တပ်ဆင်ခြင်း၏ အဓိကလုပ်ငန်းအဆင့်ကိုလည်းကောင်း ပင်လယ်ရေအောက်ဖိုက်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းများကို ရက်အလိုက်ယှဉ်တွဲဖော်ပြပါ Coordinate နှစ်ခုအား ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက်လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၅၀၀ မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်တွင် ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် နေထိုင်ကျက်စားလျက်ရှိ

မိုးညှင်း ဒီဇင်ဘာ ၁၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်တွင် တွေ့ရှိရသည့် ဒေသရင်း ငါးမျိုးစိတ်များအပါအဝင် ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် ကျက်စားလျက်ရှိကြောင်း အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အင်းတော်ကြီးအိုင်သည် အရှေ့တောင်အာရှတွင် တတိယအကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးဖြစ်၍ ပထမအကြီးဆုံးနှင့် ဒုတိယအကြီးဆုံးတို့မှာ ကမ္ဘောဒီးယားနိုင်ငံရှိ တုန်လီဆက်ကန် (Tonle Sap Lake) နှင့် ဖိလစ်ပိုင်နိုင်ငံရှိ လာဂူနာဒီဗေးကန် (Lagunade Bay) တို့ဖြစ်ကြပြီး ၎င်းအိုင်အတွင်းတွေ့ရှိရသည့် ငါး၊ ပုစွန်၊ ကဏန်း၊ ယောက်သွား၊ ဖား၊ မြွေနှင့် ငှက်မျိုးစုံများအပါအဝင် ရေနေသတ္တဝါမျိုးစုံတို့ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါသတ္တဝါများအနက် ငါးများသည် လူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် အာဟာရအတွက် သာမက အင်းတော်ကြီးအိုင်နှင့် ဝန်းကျင်အတွင်း နေထိုင်ကျက်စားလျက်ရှိသော ဆောင်းခိုငှက်မျိုးစိတ်များအပါအဝင် ဒေသငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအတွက် အရေးပါသောအစားအစာဖြစ်ပြီး ၎င်းအိုင်းနှင့်ဝန်းကျင်ရှိချောင်းများတွင် ဒေသရင်း ငါးမျိုးစိတ်များအပါအဝင် ငါးမျိုးစိတ်ပေါင်း ၉၄ မျိုးကျော် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်တွင် အများဆုံးတွေ့ရှိရသော ငါးမျိုးစိတ်များမှာ ငါးကြောင်း၊ ငါးပတ်၊ ငါးခုံးမ၊ ငါးဖယ်၊ တီလားဗီးယား၊ ငါးလဘိ၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးဒေါင်းဇင်း၊ ငါးပြေမ၊ ငါးခူ၊ ငါးရံ့နှင့် ငါးမြစ်ချင်း စသည်တို့ဖြစ်ကြပြီး ရှားပါးငါးမျိုးစိတ်များဖြစ်သည့် မိကျောင်းသွားကြားထိုးတံငါးမျိုးစိတ်နှင့် ရေနယား ငါးမျိုးစိတ်နှစ်မျိုးအပါအဝင် သိပ္ပံလောက၌ နောက်ထပ်မျိုးစိတ်သစ် ခြောက်မျိုးကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပြီး သိပ္ပံလောကတွင် မှတ်တမ်းတင်ခြင်း မရှိသေးသော ငါးမျိုးစိတ်များလည်းရှိကြောင်း သိရသည်။



အင်းတော်ကြီးအိုင်ပတ်လည်တွင် ကျေးရွာအုပ်စု ၁၁ စုနှင့် ကျေးရွာပေါင်း ၃၃ ရွာရှိသည့်အနက် ကျေးရွာ ၁၇ ရွာမှ ဒေသခံပြည်သူ ရေလုပ်ငန်းလုပ်ကိုင်ကြသူ ၃၀၀ ကျော်ရှိပြီး နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသန်မျိုးစိတ်အကောင်ရေ သုံးသိန်းကျော်ခန့် စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။ **ရွှေမိုးညှင်း**

# ရွှေဘိုပေါ်ဆန်းနှင့် ဆန်အသစ်များ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေ

ရွှေဘို ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသထွက် ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်အသစ်များ ပေါ်နေပြီဖြစ်ရာ ဈေးကွက်တွင်အရောင်းအဝယ်ဖြစ်နေကြောင်း ရွှေဘိုပေါ်ဆန်းအသင်းအုပ်ချုပ်ရေးမှူး ဦးကျော်ငွေထံမှ သိရသည်။

"လက်ရှိဈေးကွက်က ပြီးခဲ့တဲ့နှစ်ကထွက်တဲ့ ရွှေဘိုပေါ်ဆန်းစပါးအဟောင်း (ထိပ်စ)ကောင်းရင် တင်း ၁၀၀ ကို ကျပ် ၂၆ သိန်းဈေးရှိတယ်။ အလတ်စက ၂၅ သိန်းနဲ့ ၂၆ သိန်းကြားမှာရှိတယ်။ ရွှေဘိုပေါ်ဆန်း စပါးအသစ် စပေါ်နေပါပြီ။ လှိုင်လှိုင် မပေါ်သေးဘူး။ စပါးအသစ်တင်း ၁၀၀ ကို ကျပ် ၁၆ သိန်းဝန်းကျင်ဈေးမှာရှိတယ်။ စပါးအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွာတာပေါ့" ဟု ဦးကျော်ငွေက ပြောကြားသည်။

ရွှေဘိုပေါ်ဆန်းဆန် အိုးဝင်တစ်တင်းခွဲ (၁၀၈ ပေါင်) တစ်အိတ်လျှင် ကျပ် ၉၄၀၀၀ ဈေးရှိပြီး



အလတ်စ ဆန်တစ်တင်းခွဲ (၁၀၈ ပေါင်) တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဝန်းကျင်တွင်ရှိကြောင်း သိရသည်။

"လက်ရှိဈေးကွက်မှာ အရောင်းအဝယ်ကဖြစ်နေတယ်။ ပေါ်လာတဲ့အသစ်ကလည်း စားသုံးသူအများစုက သိပ်မကြိုက်သေးဘူး။ မစားကြသေးဘူး။ ဟောင်းတာကိုပဲ စားကြတုန်းရှိသေးတယ်။ ဒါပေမယ့် အရောင်းအဝယ်က ရှိနေတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်းဆန်အသစ် ဝင်လာပြီဖြစ်ရာ အသစ် ထိပ်စ တစ်တင်းခွဲ (၁၀၈ ပေါင်) တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဈေးရှိပြီး အလတ်စ တစ်တင်းခွဲ (၁၀၈ပေါင်) တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သံတောင်ကြီးဒေသထွက်ကွမ်းသီးများ ဈေးကောင်းရရှိ

သံတောင်ကြီး ဒီဇင်ဘာ ၁၀

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးဒေသထွက် ကွမ်းသီးအခြောက်များ ယခုနှစ်တွင် ဈေးကောင်းရရှိနေကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကွမ်းသီးစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းအတွက် ကွမ်းသီးပင်များကို စိုက်ပျိုးလျက်ရှိပြီး ကွမ်းသီးပင်များကို စိုက်ပျိုးသည့်အချိန်မှစတင်၍ အပင်သက်တမ်းခုနစ်နှစ်တွင် စတင်သီးကာ အသီးရင့်မှည့်သည့် အောက်တိုဘာမှ ဒီဇင်ဘာလတွင် ခူးယူလျက်ရှိကြောင်း သိရသည်။

အဆိုပါကွမ်းသီးပင်တစ်ပင်လျှင် အရင့်မှည့်သီးများကို နှစ်ပြန်အထိ ခူးယူလေ့ရှိပြီး ကွမ်းသီးများကို အနီသီးနှင့် အ ဖြူသီးဟူ၍ နှစ်မျိုးခွဲခြား၍ လုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် ကွမ်းသီးအနီသီးအခြောက် တစ်ပိဿာလျှင်ကျပ် ၆၅၀၀ မှ ကျပ် ၇၀၀၀ ထိရရှိပြီး ကွမ်းသီးအဖြူသီး အခြောက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ ရရှိသည့်အတွက် ကွမ်းသီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **နော်နော်မူ**



# ကျောက်ဆည်မြို့နယ်တွင် ပန်းမုန်လာဈေးကွက်ကောင်းသဖြင့် တောင်သူများ ဝင်ငွေကောင်းမွန်လာနိုင်

ကျောက်ဆည် ဒီဇင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေအချို့နှင့် ကိုင်းကျွန်းမြေများတွင် ဥယျာဉ်ခြံမြေနှင့် သီးပင်စားပင်များ၊ ကာလတိုဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုအခါ ပန်းမုန်လာဈေးကွက်ကောင်းသဖြင့် စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေကောင်းမွန်လာနိုင်ကြောင်း သိရသည်။

ပန်းမုန်လာသီးနှံသည် ဆောင်းသီးနှံတစ်မျိုးဖြစ်ပြီး ဆောင်းရာသီအတွင်း စိုက်ပျိုးပါက သွင်းအားစုနည်းပြီး ဖြစ်ထွန်းမှုကောင်းမွန်ကြောင်းနှင့်တောင်သူများအနေဖြင့် ဈေးကောင်းရရှိရန်အတွက် မိုးတွင်းကာလတွင် စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးရာတွင် အပင်ဖြစ်ထွန်းမှုကောင်းမွန်ရန်အတွက် သွင်းအားစုများပြီး ကုန်ကျစရိတ်များကာ အပင်သေပျောက်မှုရှိကြောင်း၊ အပင်သက်တမ်းလည်း ပို၍ရှည်ကြောင်း၊ မိုးတွင်းကာလ ပန်းမုန်လာတစ်ဧကစိုက်ပျိုးမည်ဆိုပါ ပျိုးပင်သေပျောက်မှုရှိသည့်အတွက် မျိုးစေ့ပို၍အသုံးပြုရကြောင်း၊ စိုက်ပျိုးရာတွင် မိုးရာသီဖြစ်သောကြောင့် ပေါင်းမြက်ရှင်းလင်းစရိတ်နှင့် ပိုးမွှားကာကွယ်ဆေးများ ပိုမိုအသုံးပြုရသဖြင့် ငွေကျပ် ခြောက်သိန်းမှ ခုနစ်သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ အပင်အပြုအစုကောင်းပါက တစ်ဧက ရောင်းတန်းဝင်ပန်းမုန်လာပင် ၈၀၀၀ ခန့် ထွက်ရှိပြီး တစ်ပင်ကျပ် ၅၀၀ နှုန်း ရောင်းချရာတွင် ငွေကျပ် သိန်း ၄၀ ခန့် ပြန်လည်ရရှိသဖြင့် ပန်းမုန်လာသီးနှံသည့် ကျွမ်းကျင်မှုရှိပါက စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ပင်တလည်ကျေးရွာမှ ပန်းမုန်လာစိုက်တောင်သူ ဦးဆန်းဝင်း၏ ပြောကြားချက်အရ သိရသည်။



ပန်းမုန်လာသီးနှံသည် သွင်းအားစုများသော်လည်း မိသားစု တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်ပြီး ရာသီအစောပေါ်ပါက ဈေးကောင်းရဖြင့် ကျောက်ဆည်မြို့နယ်ရှိ တောင်သူများ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။ **သက်မောင် (ခရိုင် ပြန်/ဆက်)**


# သိန္နီမြို့တွင် ပဲပုပ်စိုက်တောင်သူများ ဈေးကောင်းရရှိ

သိန္နီ ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့တွင် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ပဲပုပ်များကို စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ပဲပုပ်စိုက်ပျိုးရာတွင် သဘာဝမြေဩဇာဖြစ်သော ဖွဲပြာ၊ ကျွဲချေး၊ နွားချေး အသုံးပြု၍ တစ်ကျင်းတွင် ပဲပုပ်စေ့ငါးလုံးမှ ခုနစ်လုံးအထိစိုက်ပျိုးကြောင်း၊ ထို့နောက် ရက် ၃၀ အတွင်း မြေဩဇာထပ်မံကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးရပြီး ဆောင်းရာသီတွင် ရေလောင်းရန်မလိုဘဲ ရက်ပေါင်း ၉၀ မှ ၁၂၀ အတွင်း အပင်များခြောက်သွေ့သွားပါက အလွယ်တကူရိတ်သိမ်းနိုင်ကြောင်း၊ ရိတ်သိမ်းပြီးပါက အပင်များကိုအစုလိုက်ပုံထားပြီး ခြွေစက်ဖြင့်ခြွေ၍ ထွက်ရှိလာသောအစေ့များကို ပြန်လည်ရောင်းချကြကြောင်း သိရသည်။


ပဲပုပ်တစ်ပြည်လျှင် ယမန်နှစ်က ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ရောင်းချခဲ့ရပြီး ယခုနှစ်တွင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ ယခုနှစ်တွင် နှစ်ဧကစိုက်ပျိုးထားရာ ၂၂ အိတ်မှ ၂၅အိတ်အတွင်း ထွက်ရှိကြောင်း သိန္နီမြို့ ရက်ကွက်(၂) ဟိုနောင်ရပ်ကွက်ရှိ ပဲပုပ်စိုက်တောင်သူ ဦးစိုင်းအောင်ဖေထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ရခိုင်ရာဇဝင် ရခိုင်သမိုင်း (တတိယအကြိမ်)




စာရေးသူငွေးဝေ စီစဉ်ရေးသားသည့် ရခိုင်ရာဇဝင် ရခိုင်သမိုင်း (တတိယအကြိမ်) စာအုပ် ထွက်ရှိလာသည်။

ရခိုင်ရာဇဝင် ရခိုင်သမိုင်းစာအုပ်ကို တတိယအကြိမ်ထုတ်ဝေရာတွင် အသစ်တွေ့ရှိသော ရခိုင်ဝေသာလီမြို့တော်အား ကာမရင်္ဂမြို့တော်ဟု အိုးထိန်းသက္ကတကျောက်စာတွင် ဓမ္မဝိဇ္ဇယမင်းအမည်နှင့်အတူ တွေ့ရှိမှုကို ဖော်ပြထားသည်။ ရခိုင်မြောက်ဦးမြို့တော်ဟောင်း သျှစ်သောင်းပုထိုးတော်ကြီးတွင် ယခုရှိနေသော ကျောက်စာကြီးရှိ အာနန္ဒစန္ဒြမင်း ရေးထိုးခဲ့သော သက္ကတကျောက်စာတွင် ရခိုင်သက္ကရာဇ် ၁၁ ခုနှစ် (အေဒီ ၆၃၉) ပါရှိကြောင်း ရခိုင်သက္ကတကျောက်စာပညာရှင် ဆရာမောင်ဖြူ (ကြို့တဲကျွန်း) ဖတ်ရှုရမှ မြန်မာနိုင်ငံတွင် ပထမဆုံးတွေ့ရှိကြောင်း ဖော်ပြထားသည်။

ရခိုင်သက္ကမာဆရာတော် အရှင်ဇောတိပါလက သက္ကတကျောက်စာပညာရှင် ဒေါက်တာအာလိုဂရပ်ဖစ်က အိုးထိန်းကျောက်စာတွင် ကာမရင်္ဂမြို့ကိုအုပ်စိုးသော ဓမ္မဝိဇယမင်းအမည်နှင့် တွဲ၍ဖော်ပြသော အင်္ဂလိပ်ဘာသာစာတန်းကို ဖတ်မိရာမှ မြန်မာနိုင်ငံတွင် ပထမဆုံး ရခိုင်ဝေသာလီအမည်သည် ကာမရင်္ဂဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဆရာမောင်ဖြူ(ကြို့တဲကျွန်း) ကလည်း ကျောက်စာကို ဖတ်ကြည့်ရာ ကာမရင်္ဂကို အုပ်ချုပ်သော သီရိဓမ်မဝိဇယမင်းဟု ဖတ်ရမှုသည် ရခိုင်သမိုင်းတွင် အသစ်တွေ့ရှိရမှုများပင်ဖြစ်သည်။ ထိုအသစ်တွေ့ရှိချက်များကို အခန်း (၇) တွင် အကျဉ်းမျှဖော်ပြထားသဖြင့် ရခိုင်သမိုင်းကို လေ့လာသုတေသနပြုလိုသူ ပညာရှင်များ၊ လေ့လာလိုသူများအတွက် တစ်စုံတစ်ခုသော အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်များရရှိနိုင်မည်ဟု စာရေးသူက ယုံကြည်မိပါကြောင်း ရေးသားထားသည်။

စာအုပ်ကို သီရိဝဏ္ဏစာပေ၊ အမှတ်(၄၄)၊ ဥာနာရပ်ကွက်၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၀၇၀၇၄ နှင့် ၀၉ ၅၀၉၃၂၁၃ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကျေးလက်အမေနှင့် အခြားကဗျာများ




စာရေးသူ ဖေသိန်းဦး(မုံရွာ) စီစဉ်ရေးသားသည့် ကျေးလက်အမေနှင့် အခြားကဗျာများစာအုပ် ထွက်ရှိလာသည်။


ကျေးလက်အမေနှင့် အခြားကဗျာများစာအုပ်ကို စာရေးသူ အသက် (၇၅) နှစ်ပြည့် စိန်ရတုအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

အဆိုပါစာအုပ်တွင် ကျေးလက်အမေ၊ မြန်မာ့ပန်းချီ နှစ်သစ်နှင့်အတူ၊ လူသားကမ္ဘာ၊ ရွာသားသတ္တိ၊ အောင်လံမြူးချိန်၊ ကြက်ခြေနီ၊ မီးဘေးအန္တရာယ်တို့ကာကွယ်၊ မီးသတိ၊ ရေလုပ်သား၊ ပန်းအလှ၊ စည်းရင်ဆိုင်သည့်ငါ၊ ထန်းလုပ်သားတိုစေတနာ၊ လုပ်သားအောင်ပွဲ၊ လာခဲ့ပါနော် အရာတော်၊ ကြင်သူအလှပျက်မှာစိုး၊ တို့များလည်းလှ ကျောင်းလည်းလှ၊ ပန်းယွန်းအလှ မြတ်နိုးဖွယ်၊ ပျံ့မွှေးသင်းထုံ ပန်းတစ်ရုံ၊ ရွှေရောင်လွှမ်းတဲ့ရွာကလေး၊ ချစ်သူမျှော်တမ်း လွမ်းရေ့မည်၊ ကြိုနေမယ် ချင်းတွင်း၊ အမြင်မှန်မှ အမှန်မြင်၊ တွယ်တာခြင်းနိယာမ၊ နုပျိုသစ်လွင်ဖောင်ကြမ်းပင်၊ မြန်မာ့နယ်မှ ကြယ်တစ်ပွင့်၊ စုပေါင်းဆင်နွဲ ဆရာကန်တော့ပွဲ စသည့်ကဗျာပုဒ်ရေပေါင်း ၁၀၀ ကျော်ကိုရေးသားထားသည်။

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ လူငယ်မဂ္ဂဇင်း၊ လူငယ်ဂျာနယ်၊ လုပ်သားဂျာနယ်၊ ရွှေသွေးဂျာနယ်၊ တေဇရုပ်စုံနှင့် စာပေဗိမာန်ထုတ် ရွှေသွေးတေးသံ၊ ပြည်သူ့ရင်သွေး ကလေးကဗျာစာအုပ်များနှင့် မြို့နယ်ထုတ် သလ္လာဝတီမဂ္ဂဇင်း၊ ချင်းတွင်းဂုဏ်ရည်မဂ္ဂဇင်း၊ ချင်းတွင်းသတင်းဂျာနယ်နှင့် အခါအားလျော်စွာထုတ်ဝေသော မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ၁၉၇၃ ခုနှစ်မှစ၍ စာအုပ်၊ စာစောင်များတွင် ပုံနှိပ်ဖော်ပြပြီးသော ကဗျာများထဲမှ သင့်နိုးရာရာကဗျာများကို ရွေးချယ်၍ စုစည်းဖော်ထားသည်။

စာအုပ်ကို ချင်းတွင်းဂုဏ်ရည်စာပေ၊ အမှတ်(၁၂)၊ လမ်း(၂၀)၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဖုန်း-၀၉ ၂၂၂၈၂၄၇ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း




စာရေးသူ စောမူးသာ စီစဉ်ရေးသားသည့် စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း (ကော့မူးရာကိုသက်သေတည်သော် ဒုတိယပိုင်း) ဖြစ်ရပ်မှန်စာစုများ စာအုပ်ထွက်ရှိလာသည်။

ဟေ့ကောင် ဝင်းကိုကို မင်းပန်းကန်ပြား လွှင့်ပစ်လိုက်စမ်းပါကွာဟု တပ်ကြပ်မြင့်လွင်က လှမ်းပြောလိုက်သည်။

ဟာ ဆရာ မလုပ်ပါနဲ့ဗျာ၊ ဒါ ကျွန်တော့်ကျေးဇူးရှင်ပါ။ ပြာပြာသလဲ ငြင်းဆိုပြီး ထမင်းစားပန်းကန်ကို ရင်ဘတ်ပေါ်တင်၍ ယုယုယယထွေးပိုက်ထားသည်။ ဤစခန်းကုန်းကို တိုက်ခိုက်ခဲ့သည့် မေ ၁၀ ရက် တိုက်ပွဲဖြစ်စဉ်တွင် တပ်သားဝင်းကိုကို၏အသက်ကို ဤထမင်းပန်းကန်ပြားက ကယ်တင်ခဲ့ခြင်းဖြစ်သည်။ စောင်ကြား၊ အရပ်ဝတ်တစ်စုံ၊ ယူနီဖောင်းတစ်စုံတို့ဖြင့် ပန်းကန်ပြားကို ရစ်ပတ်ထုပ်ပိုး၍ ကျောပိုးအိပ်အတွင်း ထည့်သွင်းပိုးလွယ်ပြီး တိုက်ပွဲဝင်ခဲ့သည်။ ကျောက်တောင်ကုန်းပေါ်သို့အရောက် ရန်သူက ပစ်လိုက်သည့် လောင်ချာ ဒုံးသီးတစ်လုံးသည် တပ်သားဝင်းကိုကို နောက်ရှိ ဘန်ကာကို ထိမှန်ပေါက်ကွဲသွားသည်။ ဝင်းကိုကိုသည် လောင်ချာစများနှင့် ပေါက်ကွဲမှုအရှိန်ကြောင့် မှောက်လျက် လဲကျပြီး ဘယ်လက်မောင်းနောက် လောင်ချာစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

စခန်းသိမ်းပိုက်ပြီး ညနေစာထမင်းစားရန် ပန်းကန်ထုတ်လိုက်မှ သည်းထိပ်ရင်ဖိုဖြစ်ရတော့သည်။ မိုးရေကာဖျင် ကျောပိုးအိတ်အသားကို ထိုးခွဲဝင်ရောက်လာသည့် လောင်ချာစများသည် စောင်ကြား၊ ယူနီဖောင်း၊ အရပ်ဝတ်နှင့် စစ်ပန်းကန်ပြားတို့ကို ဖောက်ထွင်းရင်း အရှိန်သေ၍ ကျောပိုးအိတ်အတွင်း ရပ်နားခဲ့သည်။ ထူထူထဲထဲ စစ်ပန်းကန်ပြားသာ ခံမနေပါက ဝင်းကိုကို၏ ကျောပြင်ထဲသို့ လောင်ချာစများ တိုးဝင် ဒုက္ခပေးမည်ဖြစ်သည်။

ထို့ကြောင့် ဤစစ်ပန်းကန်ပြားသည် ဝင်းကိုကို၏ ကျေးဇူးရှင်သာမက အသက်ကျေးဇူးရှင်လည်းဖြစ်ကြောင်း တပ်မတော်သားတစ်ဦး၏ ဖြစ်ရပ်မှန်များကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## ၂၀၂၃ တက္ကသိုလ်ဝင်တန်း သင်္ချာမေးခွန်း(၅)စုံ





၂၀၂၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဆရာမောင်မောင်တီ၏ သင်္ချာခန့်မှန်းမေးခွန်း ငါးစုံနှင့် အမေး အဖြေစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆရာရဲ့ စာသင်သက်နှစ်(၅၀) ရွှေရတုအထိမ်းအမှတ်ထုတ်ဝေခြင်းဖြစ်ကြောင်း စာရေးသူကရေးသားထားသည်။ သင်္ချာဘာသာရပ်သည် ကြက်တူရွေး နုတ်တိုက်အာဂုံဆောင်ပြီး အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် စာမေးပွဲမေးခွန်းများဖြေဆိုရာတွင် အောင်မြင်မှုကိုရရှိနိုင်မည်မဟုတ်ပေ။ သီအိုရီသဘောတရားကိုနားလည်ပြီး အကြောင်းအရာ ဇာစ်မြစ်မှန်ကန်ချက်ကို အတွင်းအပြင်အနှံ့ လေ့လာတွက်ချက်ကောက်နုတ်ပြီး ပြဋ္ဌာန်းချက်ပါ အခန်းကဏ္ဍတိုင်းချန်လှပ်ခြင်းမရှိဘဲ သင်ခန်းစာပါ ပုစ္ဆာများကိုလေ့လာနိုင်မှသာ အသိအမြင်နှင့် သင်္ချာစွည်းရည်မြင့်မားတတ်သိ ကျွမ်းကျင်လာမည်ဖြစ်သည်။

ထိုစာအုပ်ပါ မေးခွန်းငါးစုံတွင် တက္ကသိုလ်ဝင်တန်း သင်္ချာမေးခွန်းနှင့် နီးစပ်နိုင်သော GCEO- Level အချို့ကိုပါ ထည့်သွင်းဖော်ပြထားကာ စစ်ဆေးပြီး မေးခွန်းဟောင်းပုစ္ဆာများပါထည့်သွင်းစီစဉ်ထားသဖြင့် ၂၀၂၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲမဖြေဆိုမီ ကြိုတင်လေ့ကျင့်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဦးစန်းဦး(စိတ်ကူးချိုချို)မှ ပုံနှိပ်ပြီး၊ ထုတ်ဝေသူ ဒေါ်အိဝတ်ရည်ထွန်း- ဂျူတီစာပေ၊ ဆရာဦးမောင်မောင်တီ(သင်္ချာ)၊ အမှတ်(၂၈၄)၊ ဗညားဒလလမ်းမကြီး၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၈၆၆၃၇ မှ တန်ဖိုးငွေကျပ် ၃၆၀၀ ဖြင့် ဖြန့်ချိသည်။

## ၂၀၂၃ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာမေးခွန်း (၅)စုံ အဖြေစုံ




၂၀၂၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် English for Students စာတည်းအဖွဲ့မှ ရေးသားတည်းဖြတ်ထုတ်ဝေသည့် အင်္ဂလိပ်စာမေးခွန်း ငါးစုံနှင့် အဖြေစုံစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲများတွင် မေးလေ့/မေးထရှိသည့် မေးခွန်းများ၊ မေးနိုင်သည့်မေးခွန်းများအား လေ့လာသုံးသပ် စိစစ်ရွေးချယ်ဖော်ထုတ်၍ အင်္ဂလိပ်စာထိပ်တန်းမေးခွန်း ငါးစုံကို ကောင်းဆုံးတန်းဝင်အမှတ်ပြည့်ရမည့် အဖြေများနှင့်အတူ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ၂၀၂၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဖော်ပြပါစာအုပ်ကို ကြိုတင်ပြင်ဆင် လေ့ကျင့်ထားခြင်းအားဖြင့် အောင်ပွဲဝင်နိုင်မည်ဖြစ်ပေသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် သင်ကြားပြသပေးကြသည့် ဆရာ ဆရာမများအတွက် ကြိုတင်ပြင်ဆင်အောင်ပွဲဝင်မည့် မေးခွန်းငါးစုံအဖြေစုံဖြစ်သဖြင့် စနစ်တကျ သင်ကြားသင်ယူလေ့ကျင့်မှုအစုစုအတွက် များစွာအထောက်အကူပြုကာ အကျိုးထူးရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

စာအုပ်ကို ပညာဗိမာန်ပုံနှိပ်တိုက် အမှတ် ၂၉/၃၀ မြို့ပတ်လမ်း ဒေါပုံမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၀

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# မင်းလှမြို့၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်

**မင်းလှ ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ကကျင်းပသည်။



**အသေးစိတ်ရှင်းလင်း**

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင်အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ စိတ်မှူး ရဲအုပ်ဥက္ကာသွင်က မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ အနေဖြင့် လူကုန်ကူးမှုဖြစ်စဉ်များ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာများ ဖြန့်ဝေပေးနိုင်ရေး ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရေးအတွက် ရည်ရွယ်ပြီး ယခုလို ရက်တိုသင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လူကုန်ကူးမှုဖြစ်စဉ်များ ဖြစ်ပေါ်လာရခြင်းအကြောင်းများ၊ လူကုန်ကူးမှုနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများကို ကိုယ်တွေ့ဖြစ်ရပ်များနှင့် အသေးစိတ်ရှင်းလင်း၍ အသိပညာပေးသင်ကြားပေးသည်။

အဆိုပါရက်တိုသင်တန်းတွင် ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင် သင်တန်းသား ၁၅၀ အား ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ စာတွေ့နှင့် လက်တွေ့ဖြစ်ရပ်များကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ မြန်မာအသင်းမှ**

ကလပ်အသင်းတွေနဲ့ပါ ခြေစမ်းခွင့်ရခဲ့လို့ ကစားသမားရွေးချယ်မှုအပိုင်းမှာ အများကြီးအထောက်အကူဖြစ်စေပါတယ်။ ထိုင်းလက်ရွေးစင်အသင်းနဲ့ခြေစမ်းပွဲကတော့ ကျွန်တော်တို့ နှစ်သင်းစလုံး ယှဉ်ပြိုင်ရမယ့် AFF Mitsubishi Elcectric Cup 2022 အတွက် ကောင်းမွန်တဲ့ ပြင်ဆင်မှုတစ်ရပ်ဖြစ်ပါတယ်။ ထိုင်းအသင်းက အသင်းကောင်းတစ်သင်းဖြစ်ပြီး "ကျွန်တော်တို့ အကောင်းဆုံးယှဉ်ပြိုင်ကစားသွားမှာပါ။ ကျွန်တော်တို့ဘက်က ပြင်ဆင်ထားတာလည်းရှိပါတယ်။ မနက်ဖြန် (ဒီဇင်ဘာ ၁၁ ရက်) မှာ ကျွန်တော်တို့အားလုံးရဲ့ ပြင်ဆင်ထားမှုကို တွေ့မြင်ရမှာပါ"ဟု ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်း နောက်ခံလူ ရဲမင်းသူက "ကျွန်တော်တို့ အကောင်းဆုံးလေ့ကျင့်နေကြပါတယ်။ ထိုင်းအသင်းက အသင်းကောင်းတစ်သင်းဖြစ်ပြီး ကျွန်တော်တို့ကလည်း ပြိုင်ဘက်ကို လေးစားမှုနဲ့ယှဉ်ပြိုင်မှာပါ။ လေ့ကျင့်ရေးအစီအစဉ်တွေမှာ ကျွန်တော်တို့ ကစားဖော်တွေအားလုံး အကောင်းဆုံးအနေအထားရှိပြီး အသင်းဖော်ချင်းလည်း ယုံကြည်မှုရှိပါတယ်" ဟု ပြောကြားသည်။

ထိုင်းအသင်းနည်းပြချုပ် ပေါ့ကင်းက"လာမယ့် AFF Cup ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်နေပါတယ်။ မြန်မာအသင်းနဲ့ ခြေစမ်းပွဲကလည်း ပြင်ဆင်မှုတွေအတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ ရွေးချယ်ထားတဲ့ ကစားသမားတွေထဲမှာ ကစားသမားတစ်ဦးပဲ ဒဏ်ရာပြဿနာရှိပါ တယ်။ သူလည်း မကြာခင်ပြန်ကစားနိုင်မှာပါ"ဟု ပြောကြားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် 2022 AFF Cup ပြိုင်ပွဲအတွက် နိုဝင်ဘာ ၂၈ ရက်ကတည်းက ထိုင်းနိုင်ငံ၌ လာရောက်လေ့ကျင့်နေခြင်းဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲမတိုင်မီ ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၉ ရက်က ကစားသည့်ခြေစမ်းပွဲတွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းကို လေးဂိုး-တစ်ဂိုး၊ ဒီဇင်ဘာ ၇ ရက်က ကစားသည့်ခြေစမ်းပွဲ၌ ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ပရာကန်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – FAT**

**○ နယ်သာလန်မှ**

နယ်သာလန်အသင်းက ချေပဂိုးနှစ်ဂိုး ရရှိခဲ့တာကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရပါတယ်။

အချိန်ပိုမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ အာဂျင်တီးနားအသင်းက နယ်သာလန်အသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နယ်သာလန် အသင်းကစားသမား ဒွမ်ဖရိုင်းဟာ ပွဲကစားချိန် ၁၂၈ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ နယ်သာလန်အသင်းကိုအနိုင်ရပြီး ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ ခရိုအေးရှားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ ရက်ညပိုင်းမှာ ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့လို့ အချိန်ပိုမိနစ် ၃၀ ကစားရာမှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ခရိုအေးရှားအသင်းက ဘရာဇီးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းနဲ့ ဘရာဇီးအသင်းတို့ပွဲစဉ်မှာ တိုက်စစ်မှူး နေမာက သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် ဘရာဇီးအသင်းနဲ့အတူ စံချိန်တင်ဂိုးအများဆုံးသွင်းယူထားတဲ့ ပီလီရဲ့သွင်းဂိုး ၇၇ ဂိုးနဲ့ တူညီသွားခဲ့ပြီ ဖြစ်ပါတယ်။

**ငွေကြယ်**

## အနုပညာ

# Avatar ရုပ်ရှင်သစ် အထူးပွဲပြသ

၂၀၀၉ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ Avatar ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ်ဟာ ဆယ်စုနှစ်တစ်ခုအကျော်မှာတော့ ရုံတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ The Way of Water လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်ရှင်သစ်ကို လတ်တလော လန်ဒန်မှာ အထူးပွဲပြသခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့တဲ့ အဆိုပါရုပ်ရှင်သစ် ကမ္ဘာလုံးဆိုင်ရာအထူးပွဲပြသမှုကို ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဇိုးဆယ်ဒါနာ တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ရုပ်ရှင်သစ်မှာတော့ အဓိကသရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆမ်ဝါသင်တန်နဲ့ ဇိုးဆယ်ဒါနာတို့ ပါဝင်ထားပြီး သူတို့နှစ်ဦးကို ကလေးငါးယောက်ရဲ့ မိဘတွေအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်သစ်မှာ စွန့်စားခန်းတွေနဲ့ ပြည့်နှက်နေမှာဖြစ်ပြီး ယင်းရုပ်ရှင်ကို ဒီဇင်ဘာ ၁၆ ရက်မှာ စတင်ရုံတင်မှာပါ။

၂၀၀၉ ခုနှစ်အတွင်း Avatar ရုပ်ရှင်ရုံတင်ခဲ့ရာမှာတော့ ရုပ်ရှင်သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေကို လေးကားအထိ ဆက်လက်ရိုက်ကူးမှာဖြစ်ပြီး ၂၀၂၈ ခုနှစ်အထိ ပြသဖို့ရာလည်း စီစဉ်ထားပါတယ်။ ရုပ်ရှင်သစ်တွေတိုင်းမှာ မတူညီတဲ့စွန့်စားခန်းတွေနဲ့ လူမျိုးစုတွေအကြောင်း ပုံဖော်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

# မာဗယ်ရုပ်ရှင်သစ်တွင် ပတ်ဆိုးဂျွန်ကို မင်းသားယန်အဖြစ် တွေ့မြင်ရမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ ပတ်ဆိုးဂျွန်ဟာ မာဗယ်ရုပ်ရှင်တက္ကသိုလ်နဲ့ လက်တွဲခဲ့ပြီးနောက် လတ်တလောမှာတော့ မာဗယ်ရုပ်ရှင်သစ်မှာ သူပါဝင်မယ့် ဇာတ်ကောင်နဲ့ပတ်သက်ပြီး သတင်းတွေပါထွက်လာခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၃ နှစ်ရှိပြီဖြစ်တဲ့ ပတ်ဆိုးဂျွန်ဟာ မာဗယ်ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ကာရိုးဒန်ဗာရဲ့ ခင်ပွန်းဖြစ်သူ မင်းသားယန်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း အဆိုပါရုပ်ရှင်အသိုင်းအဝိုင်းဘက်က သတင်းထွက်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဖို့အတွက် တေးသီချင်းတွေကို အသုံးပြုရတဲ့ တေးဂီတဂြိုဟ်ရဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်ကို ၂၀၂၃ ခုနှစ်အတွင်း ရုံတင်မှာဖြစ်တယ်လို့ သိရပါတယ်။



# ဂျီယောင်းရဲ့ မင်္ဂလာဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ T-ara မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီယောင်းဟာ လတ်တလောမှာ မင်္ဂလာပွဲဆင်နွှဲခဲ့ပြီး သူ့ရဲ့ဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၁၀ ရက်က ဆိုးလ်မှာ ဂျီယောင်းရဲ့ မင်္ဂလာပွဲကို ပြုလုပ်ခဲ့တာပါ။ ဂျီယောင်းဟာ ပရော်ဖက်ရှင်နယ် ဘေ့စ်ဘောကစားသမားတစ်ဦးဖြစ်တဲ့ ဟွမ်ဂျယ်ဂန်နဲ့ လက်ထပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့မင်္ဂလာပွဲမှာ သူငယ်ချင်းတစ်ဦးဖြစ်တဲ့ တေးသံရှင် အိုင်ယူက မင်္ဂလာသီချင်း သီဆိုပေးခဲ့ကြောင်းလည်း သိရပါတယ်။



# People's Choice Awards မှာ ထူးချွန်ဆုတွေ ဆွတ်ခူးနိုင်ခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ ၂၀၂၂ ခုနှစ် People's Choice Awards မှာ ထူးချွန်ဆုသုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၆ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာမှာရှိတဲ့ ဘာကာဟန်ဂါမှာ ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် People's Choice Awards မှာ BTS ဟာ တစ်နှစ်တာအတွက် တေးဂီတအဖွဲ့ဆု၊ တစ်နှစ်တာအတွက် နယ်လှည့်ဖျော်ဖြေပွဲဆုနဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုနဲ့ ချာလီပုသ်တို့ရဲ့ တေးသီချင်း Left & Right ဟာ ၂၀၂၂ ခုနှစ်အတွက် တေးသီချင်းတွဲဖက်ဖန်တီးမှုဆုစတဲ့ ထူးချွန်ဆုသုံးဆု ဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။

**═══ အေးပြည့် စုစည်းသည် ═══**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူနိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်...**

❖ Moving Forward **ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၂) တွင်ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ


**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဒီဇင်ဘာ ၁၄ ရက်တွင် ဘရပ်ဆဲလ်၌ ကျင်းပမည့် အာဆီယံ-အီးယူအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်**
စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ**
စာမျက်နှာ » ၁၆

သိပ္ပံမောင်ဝ၏ ဝတ္ထုတို
**ကွန်စု(၂)**
စာမျက်နှာ » ၁၉

**ခေတ်ရေစီးကြောင်းလား မြောင်းပုပ်ရေစီးကြောင်းလား**
ဆောင်းပါး စာမျက်နှာ » ၂၁


# ရေဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ချိတ်ဆက်ပေးမည့် ဂွချောင်းတံတား ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ချိတ်ဆက်သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ဂွချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪



## နယ်သာလန်အသင်းကို အနိုင်ရပြီး အာဂျင်တီးနားအသင်း ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း




ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နယ်သာလန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ရဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက နယ်သာလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပွဲကစားချိန် ၃၅ မိနစ်မှာ မိုလီနာရဲ့သွင်းဂိုး၊ ၇၃ မိနစ်မှာ မက်ဆီရဲ့ ပင်နယ်တီသွင်းဂိုးတွေရရှိခဲ့လို့ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၈၃ မိနစ်နဲ့ သာမန်ပွဲကစားချိန်ပြီး နာကျင်အချိန်ပို ၁၁ မိနစ်မှာ ဝီဂေ့ါက နှစ်ဂိုးသွင်းယူပေးခဲ့လို့

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ❍

## မြန်မာအသင်းနှင့် ထိုင်းအသင်း ခြေစမ်းပွဲအကြို သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

2022 AFF Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် ည ၈ နာရီတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က Thammasat အားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားတစ်ဦးစီ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးက "ခြေစမ်းပွဲ စီစဉ်ဖိတ်ကြားခဲ့တဲ့ ထိုင်းဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။ ဒီမှာ အကောင်းဆုံး စီစဉ်ပေးမှုတွေနဲ့ ကောင်းကောင်းလေ့ကျင့်နိုင်ခဲ့ပြီး

**စာမျက်နှာ ၂၅ ကော်လံ ၅ သို့** ❖